# ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးနှင့် ဥပဒေဘောင် ကမ္ဘာတဝှမ်းမှ အတွေ့အကြုံများ

## မြန်မာနိုင်ငံအတွင်း ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများမြှင့်တင်ရန် အစီရင်ခံစာ

စာရေးသူ Jason Lubanski

ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ၊ မတ်လ ၂၀၁၄

တိုင်းရင်းသားလူမျိုးများလူထုဖွံ့ဖြိုးရေးဆုံရပ် (ECDF)

# ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးနှင့် ဥပဒေဘောင် ကမ္ဘာတဝှမ်းမှ အတွေ့အကြုံများ

## မြန်မာနိုင်ငံအတွင်း ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများမြှင့်တင်ရန် အစီရင်ခံစာ

စာရေးသူ Jason Lubanski

ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ၊ မတ်လ ၂၀၁၄

တိုင်းရင်းသားလူမျိုးများလူထုဖွံ့ဖြိုးရေးဆုံရပ် (ECDF)
Email: unitedecdf@gmail.com | Website: www.ecdfburma.org

# မာတိကာ

**အပိုင်း ၁။ ကမ္ဘာတဝှမ်းရှိ ဓလေ့ထုံးတမ်းဥပဒေများ၏ လက်ရှိ အနေအထား ...................... ၅**

ကမ္ဘာအနှံ့တွင် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေးများကို ပိုမိုလက်ခံကျင့်သုံးခြင်း ......... ၅

"ထုံးတမ်းစဉ်လာ မြေယာအခွင့်အရေးများ" ၏ နောက်ခံအကြောင်းအရင်းများနှင့် အဓိပ္ပါယ်များ ........................................................................ ၆

မြေယာစီမံခန့်ခွဲမှုအခွင့်အရေး ဓလေ့ထုံးတမ်းဥပဒေ ကျင့်သုံးခြင်း၏ ပင်မ အခက်အခဲများ ... ၉

**အပိုင်း ၂။ ဓလေ့ထုံးတမ်း ဥပဒေများကို အသိအမှတ်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းတို့နှင့် ပတ်သက်သည့် ဥပဒေဘောင် ........................................................................ ၁၂**

အဆင့် ၁။ ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများကို ကာကွယ်ပေးသည့် နိုင်ငံတကာ ဥပဒေများ ........................................................................ ၁၆

အဆင့် ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးခြင်း ................................ ၁၇

အဆင့် ၃။ ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများအကြား ဆက်စပ်မှုများ .......... ၂၀

အဆင့် ၄ မှ ၆။ မြေယာ စီမံအုပ်ချုပ်ရေး၊ တရားမျှတရေး၏ တည်ဆောက်ပုံများနှင့် အခန်းကဏ္ဍများ ........................................................................ ၂၁

တရားရေး စနစ်၏ တည်ဆောက်ပုံများ........................................................ ၂၆

**အပိုင်း ၃။ ကမ္ဘာအနှံ့တွင် မြေယာဓလေ့ထုံးတမ်းဥပဒေကို လက်တွေ့ကျင့်သုံးနေခြင်း ............. ၃၀**

နိုင်ငံ ၈ နိုင်ငံ၏ မြေယာဓလေ့ထုံးတမ်းဥပဒေများကို နှိုင်းယှဉ်သုံးသပ်ခြင်း..................... ၃၀

အကောင်းဆုံး စနစ်။ တန်ဇေးနီးယားနိုင်ငံ........................................................ ၄၀

ဓလေ့ထုံးတမ်း မြေယာဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရန် စည်းရုံးလှုံ့ဆော်ရေးနှင့် စိန်ခေါ်မှုများ ........................................................ ၄၂

**အပိုင်း ၄။ နိဂုံး နှင့် အကြံပြုတင်ပြချက်များ ........................................................ ၄၉**

နိုင်ငံတော်အဆင့် ........................................................................ ၄၉

လူမှုအသိုင်းအဝိုင်း အဆင့် ........................................................................ ၅၀

စာတမ်း အကိုးအကားများ ........................................................................ ၅၃

နောက်ဆက်တွဲများ ........................................................................ ၅၄

# ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးနှင့် ဥပဒေဘောင်– ကမ္ဘာတဝှမ်းမှ အတွေ့အကြုံများ

ဤစာတမ်း၏ရည်ရွယ်ချက်မှာ ကမ္ဘာတဝှမ်းရှိ တိုင်းရင်းသားလူမျိုးများနှင့် ဌာနေလူမှုအသိုင်းအဝိုင်းတို့ တွေ့ကြုံခံစားနေရသော အခက်အခဲများ၏ လက်ရှိအခြေအနေများနှင့် ၄င်းတို့ အသုံးပြုကျင့်သုံးနေသော မြေယာနှင့် သဘာဝ အရင်းအမြစ်များကို စီမံခန့်ခွဲရေးဆိုင်ရာ ဓလေ့ထုံးတမ်းအခွင့်အရေးဘောင်များ၏ အနှစ်ချုပ်ကို တင်ပြရန်ဖြစ်သည်။ ထိုအတွေ့အကြုံများကို တင်ပြခြင်းဖြင့် မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးများ အသွင်ကူးပြောင်းရေးကာလအတွင်း မြေယာများကို စီမံခန့်ခွဲနိုင်ရန် ကြိုးပမ်းရာတွင် မိမိတို့၏ အဖြစ်အပျက်များနှင့် ဖြစ်နိုင်ချေများကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်မည်ဖြစ်သည်။ အခြားနိုင်ငံများ တရားဥပဒေစိုးမိုးရေး တည်ဆောက်ရာတွင် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးမူဘောင်များ ထည့်သွင်းအသုံးပြုခြင်းများကို လေ့လာခြင်း ဖြင့် မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးများ တရားမျှတ၍ ပူးပေါင်းပါဝင်မှုရှိသည့် မြေယာစီမံခန့်ခွဲရေးစနစ်များနှင့် ပတ်သက်သည့် အလွတ်သဘောဆွေးနွေးခြင်းများ၊ အပြန်အလှန်ဆွေးနွေးခြင်းများနှင့် မဟာဗျူဟာချမှတ်ခြင်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မည်ဟု မျော်လင့်သည်။

## အပိုင်း ၁။ ကမ္ဘာတဝှမ်းရှိ ဓလေ့ထုံးတမ်းဥပဒေများ၏လက်ရှိ အနေအထား

### *ကမ္ဘာအနှံ့တွင် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေးများကို ပိုမိုလက်ခံကျင့်သုံးခြင်း*

ကမ္ဘာတဝှမ်းရှိ နိုင်ငံများ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေး ကျောရိုးများနှင့် မူဝါဒများကို ပိုမိုကျင့်သုံးလာသည်။ ဤကျင့်သုံးမှု များကို ကမ္ဘာ့တိုက်တိုင်းတွင် ကျင့်သုံးအသိအမှတ်ပြုလာကြသည်။ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုများကို ကမ္ဘာ့အတိုင်း အတာအရ အဓိကကျသော စနစ်ဖြစ်သည်။ စက်မှုနိုင်ငံများဖြစ်သော စပိန်၊ ပေါ်တူကီ၊ အီတလီ နှင့် ဆွစ်ဇာလန်နိုင်ငံအပါအဝင် ဥရောပ၊ မြောက်အမေရိကနှင့် ပင်လယ်နိုင်ငံများ၏ ဌာနေတိုင်းရင်းသား၏ ပိုင်နက်များတွင် ကျယ်ပြန့်စွာ ကျင့်သုံးနေကြသည်။ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုများကို လူထုအများစုမှ မြေယာပြင်ပ၊ မြို့ပြလုပ်ငန်းများတွင် လုပ်ကိုင်ခြင်းမ

ဟုတ်ဘဲ မြေယာအပေါ် အခြေခံသည့် ထုတ်လုပ်မှုများလုပ်ကိုင်သည့်၊ စိုက်ပျိုးရေးကို အခြေခံသည့် စီပွားရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင် အများအားဖြင့် ကျင့်သုံးလေ့ရှိကြသည်။

မကြာသေးခင်က ကမ္ဘာ့ဘဏ်မှ ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးကို ထောက်ခံခဲ့သည်။ "၁၉၉၀ ခုနှစ်များတွင် ကမ္ဘာ့ဘဏ် သုတေသနဝန်ထမ်းများဖြစ်သော မြေယာဆိုင်ရာကျွမ်းကျင်သူများမှ ကုန်ကျစရိတ်ထိရောက်မှုနှင့် တရားမျှတရေးကို ဖေါ်ဆောင်ရာတွင် (လုံလောက်သည့် တာဝန်ခံမှုအပေါ် မူတည်သည်။) တသီးပုဂ္ဂလ ပိုင်ဆိုင်မှုအစား လူမှုအသိုင်းအဝိုင်းနှင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးများကို လက်ခံအသိအမှတ်ပြုခဲ့သည့်အပြင် မြေယာစီမံခန့်ခွဲရေးစနစ်တွင် နိုင်ငံအစိုးရမှ ဦးဆောင်သော ဝင်ရောက်စွက်ဖက်မှုများကို သတိအလေးထားရန်နှင့် လက်ရှိစနစ်များကို တည်ဆောက်ကျင့်သုံးနိုင်မည့် နည်းလမ်းများကို အကြံပြုခဲ့သည်။[၁]

ဓလေ့ထုံးတမ်းဥပဒေ၏ အခန်းကဏ္ဍကျယ်ပြန့်လာသော်လည်း ဗဟိုအစိုးရ၏ အသိအမှတ်ပြုမှုများ နိုင်ငံအများစုတွင် ရှိနေဆဲ ဖြစ်သည်။ ဓလေ့ထုံးတမ်းဥပဒေကို အသိအမှတ်ပြုသည့် နိုင်ငံများတွင်လည်း ထိုဥပဒေများသည် ပြဋ္ဌာန်းဥပဒေများနှင့်ဆန့်ကျင်နေလေ့ရှိသည်။ ဓလေ့ထုံးတမ်းဥပဒေများ နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာကို အံတုနေသည်ဟု ယူဆမှုများရှိနေသည့်အတွက်ကြောင့် ဖြစ်နိုင်သည်။ ထို့အပြင် သမိုင်းကြောင်းတလျှောက်တွင်လည်း ထုံးတမ်းစဉ်လာဥပဒေများကို ပညာရှင်များမှ အရေးပါသည့် ဥပဒေဟု အသိအမှတ် မပြုကြခြင်းကြောင့် မူဝါဒချမှတ်သူများ၏ အသိအမှတ်ပြုခံရခြင်းကို လျော့နည်းစေသည်။

## "ထုံးတမ်းစဉ်လာ မြေယာအခွင့်အရေးများ" ၏ နောက်ခံအကြောင်းအရင်းများနှင့် အဓိပ္ပါယ်များ

"ထုံးတမ်းစဉ်လာ" သည် မရှင်းမလင်းဖြစ်၍ လွယ်ကူစွာ နားလည်မှုလွဲစေနိုင်သော ဝေါဟာရဖြစ်သည်။ 'ဓလေ့'၊ 'ဘိုးဘွားစဉ်လာ'၊ 'ဌာနေတိုင်းရင်းသား'၊ 'ရိုးရာ'၊

[၁] Deininger and Binswanger (1999)

'ဒေသဆိုင်ရာ'၊ 'သဘာဝ'၊ သို့မဟုတ် 'လုပ်ရိုးလုပ်စဉ်' စသည့် ဝေါဟာရများနှင့် အဓိပ္ပါယ် ယူဆနိုင်လေ့ရှိသည်။

အများစုမှ လက်ခံထားသော ဓလေ့ထုံးတမ်းဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် မရှိချေ။ တိုင်းပြည်အချင်းချင်းအကြား၊ တိုင်းပြည်အတွင်းနှင့် နယ်မြေတခုတွင် နေထိုင်သော လူမျိုးအချင်းချင်းအကြား ဓလေ့ထုံးတမ်းမြေယာဥပဒေများ ကွဲပြားခြားနားမှုများရှိသည်။ လက်တွေ့ကျင့်သုံးရာတွင် ကွဲပြားမှုများစွာရှိနေသော်လည်း မြေယာစီမံခန့်ခွဲရေးဓလေ့ထုံး တမ်းများ၏ ဘုံတူညီမှုများကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပေသည်။

- လူမှုအသိုင်းအဝိုင်းအပေါ်အခြေခံသည့် မြေယာ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုများကို အသုံးပြုသည်၊
- နယ်မြေများ၊ ဘုံပိုင် သို့မဟုတ် အများပိုင် နယ်မြေများ– လူမှုအသိုင်းအဝိုင်းတိုင်း နယ်မြေအတိုင်းအတာတခု ပိုင်ဆိုင်ထိန်းချုပ်သည်ကို အသိအမှတ်ပြုသည်၊
- သစ်တော၊ စားကျက်မြေ နှင့် ရေစသည့် သဘာဝ အရင်းအမြစ်များကို စုပေါင်းပိုင်ဆိုင်ခြင်းနှင့် ထိန်းချုပ်သည်၊

**ထုံးတမ်းစဉ်လာ မြေယာစီမံခန့်ခွဲရေး စနစ်အတွက် လိုအပ်သည့်ဖြစ် စဉ်နှင့် အကြောင်းအရာများ**

- အမွေဆက်ခံခွင့် ဖြစ်စဉ်
- အငြင်းပွားမှုများကို ဖြေရှင်းခြင်း ဖြစ်စဉ်
- စာရင်းပြုစုခြင်းဖြစ်စဉ်
- မြေယာရောင်းချပိုင်ခွင့်နှင့် ငှားရမ်းပိုင်ခွင့်
- မြေကွက်တကွက်အတွင်းမည်ကဲ့သို့သော အသုံးပြုခြင်းများ သို့မဟုတ် အဆောက်အဦးများကို တည်ဆောက်ပိုင်ခွင့်ရှိသနည်း။
- ဘုံပိုင် မြေယာများကို အသုံးပြုခြင်းဆိုင် ရာ စည်းမျဉ်း စည်းကမ်းများ (အထူးသဖြင့် သစ်တောများ)
- အစိုးရ၊ စစ်တပ် သို့မဟုတ် တသီးပုဂ္ဂလများ၏ မြေယာ ဝယ်ယူသိမ်းဆည်းခြင်းနှင့် ကြုံတွေ့ရသည့် မြေယာပိုင် ဆိုင်သူများ၏ အခွင့်အရေးများ (FPIC နှင့် လျော်ကြေး သတ်မှတ်ခြင်း လုပ်ထုံးများ)
- မြေယာ အခွန်သတ်မှတ်ခြင်း
- မြေယာ စည်းမျဉ်းစည်းကမ်းများကို ဒေသအတွင်း ကျင့်သုံးခြင်း (စည်းမျဉ်းစည်းကမ်းများကို ချိုးဖေါက် ခြင်းများ၏ အပြစ်/ ဒါဏ်ငွေ/အကျိုးဆက်များ အပါအဝင်)
- မြေယာစီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး ကော်မတီဝင်များကို ရွေးချယ်၊ သတ်မှတ်ခြင်း
- အထက်ပါအချက်အလက်များကို မှတ်တမ်းတင်ခြင်း

- လူမှုအသိုင်းအဝိုင်းအပေါ်အခြေခံသည့် ထိန်းချုပ်မှု ထိ ရောက်စေရန် ဓလေ့ထုံးတမ်း နယ်မြေ၊ ပိုင်နက်များ၏ အရွယ်အစားကို လိုအပ်သည့်အတိုင်း ပုံမှန်ပြင်ဆင်သည်။

ဓလေ့ထုံးတမ်းဥပဒေသည် ရှေးရိုးကျ၍၊ လွန်ခဲ့သော နှစ်ပေါင်း ရာ၊ ထောင် ကတည်းက ချမှတ်ခဲ့သော ဥပဒေများဖြစ်သည်ဟု နားလည်မှုလွဲလေ့ရှိကြသည်။ အချို့အခြေအနေများတွင် မှန်ကန်သော်လည်း စည်းမျဉ်းများ၊ ပြဋ္ဌာန်းချက်များနှင့် ဥပဒေများ "တရားဝင်မှုရှိစေရန်" အတွက် 'အို၊ ဟောင်း' ရန် မလိုအပ်ပေ။ ဓလေ့ထုံးတမ်းဥပဒေ၏ အထင်ရှားဆုံး သွင်ပြင်လက္ခဏာတခုမှာ ဥပဒေ၏ အလျော့အတင်းလွယ်ကူခြင်းနှင့် လူမှုရေး၊ စီးပွားရေး နှင့် ယဉ်ကျေးမှုများ ပြောင်းလဲခြင်းများနှင့်အမျှ အချိန်ကာလနှင့်အလျောက် ပြောင်းလဲရန် လိုအပ်သည်။ ဓလေ့ထုံးတမ်းဥပဒေ၏ အဓိကအားသာချက်မှာ ဓလေ့ထုံးတမ်းများသည် လူမှုအသိုင်းအဝိုင်းများအတွင်း အမြစ်တွယ်နေပြီး သမိုင်းကြောင်း၊ တန်ဖိုးနှင့် လိုအပ်မှုများအပေါ် တုန့်ပြန်သည်။

"ဓလေ့ထုံးတမ်း ဥပဒေ" ကို နိုင်ငံအတွင်း နေထိုင်သူတိုင်းအတွက် ဥပဒေပိုင်းဆိုင်ရာ ကျွမ်းကျင်သူများမှ 'အထက်–အောက်' ဖြစ်စဉ်ဖြင့် ရေးသား၍၊ နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းရေးဌာနမှ အတည်ပြုသော "ပြဋ္ဌာန်းဥပဒေ" နှင့် နှိုင်းယှဉ်ပါက ပိုမိုလွယ်ကူစွာ နည်းလည်နိုင်မည်ဖြစ်သည်။ ဗဟိုအစိုးရမှ ချမှတ်သော မြေယာပိုင်ဆိုင်ခွင့် စည်းမျဉ်းများနှင့် မတူညီဘဲ အစိုးရအစား ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုများကို လူမှုအသိုင်းအဝိုင်းတို့မှ သတ်မှတ်ကျင့်သုံးကြသည်။ ဓလေ့ထုံးတမ်းဥပဒေဟု ခေါ်သည့် စည်းမျဉ်း များကိုဒေသခံ လူမှုအသိုင်းအဝိုင်းမှ ကျင့်သုံးသော်လည်း ထိုဥပဒေများသည် လူမှုအသိုင်းအဝိုင်းပြင်ပတွင် စည်းနှောင်မှုမရှိပေ။ ဓလေ့ထုံးတမ်းဥပဒေသည် ပြဋ္ဌာန်းဥပဒေများကဲ့သို့ပင် လူမှုစနစ်များဖြစ်သည့်အပြင် ဓလေ့ထုံးတမ်းဥပဒေများသည် ရည်ရှည်တည်တံ့ခိုင်မြဲပြီး လွယ်ကူစွာ ပြောင်းလဲနိုင်သည်။ ခေတ်သစ် ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အလွန်အရေးပါသောအချက်မှာ ဓလေ့ထုံးတမ်းဥပဒေမှ ရရှိသော မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများနှင့် ထိုဥပဒေများ၏ တည်တံ့ခိုင်မာရေး အတွက် ပံ့ပိုးပေးနေသည့်အရာများကို ပြဋ္ဌာန်းဥပဒေများမှ အထောက်အကူပြုသည့် အတိုင်းအတာပင်ဖြစ်သည်။

ခေတ်သစ်လူမှုအသိုင်းအဝိုင်းကို ထုံးတမ်းစဉ်လာဥပဒေဖြင့် မြေယာအခွင့်အရေးများကို

စီမံခန့်ခွဲခိုင်ပါက– မိမိတို့ရဲ့ ဓလေ့ထုံးတမ်းက ဘာလဲ။ ဓလေ့ထုံးတမ်းလို့ ဘယ်လိုသိနိုင်မလဲ။ အကယ်၍ လူမှုအသိုင်းအဝိုင်း၏ တန်ဖိုးနှင့် လူကြီးသူမတို့ပြောသော ဓလေ့ထုံးတမ်း ကွဲပြားခြားနားနေပါက ဘယ်လိုလုပ်မလဲ။ ဘယ်သူတွေက ဆုံးဖြတ်မှာလဲ။ စသည့် ရှုပ်ထွေးသည့် မေးခွန်းများကို မေးမြန်းခြင်းခံရလေ့ရှိသည်။

## *မြေယာစီမံခန့်ခွဲမှုအခွင့်အရေး ဓလေ့ထုံးတမ်းဥပဒေ ကျင့်သုံးခြင်း၏ ပင်မ အခက်အခဲများ* [၂]

ကမ္ဘာတဝှမ်းရှိ မြေယာ ဓလေ့ထုံးတမ်းဥပဒေ ရေးသား၊ ကျင့်သုံးရာတွင် ကြုံတွေ့လေ့ရှိသော အခက်အခဲအမျိုးအစားများကို– ဥပဒေပိုင်း၊ အဆောက်အအုံ/ယန္တရားပိုင်း၊ စီးပွားရေးပိုင်း၊ နိုင်ငံရေး/ယဉ်ကျေးမှုပိုင်း နှင့် လူမှုအသိုင်းအဝိုင်းအဆင့် ဟူ၍ ၅ မျိုး ခွဲခြားနိုင်သည်။ ပြဿနာအများစုများ အခက်အခဲအမျိုးတခုထက်ပို၍ အကြုံးဝင်မှုရှိသော်လည်း မြေယာအခွင့်အရေး ဓလေ့ထုံးတမ်း ရေးသားကျင့်သုံးရာတွင် ပိုမိုလွယ်ကူစေရန် အမျိုးအစားတမျိုးချင်းကို သုံးသပ်လေ့လာရန် လိုအပ်သည်။ ကမ္ဘာတဝှမ်းတွင် ကြုံတွေ့ရသော အခက်အခဲအမျိုးအစားများ၏ အဓိကကျသော အချက်အလက်အချို့ကို အောက်တွင် ဖော်ပြထားသည်။

### *ဥပဒေရေးရာ အခက်အခဲ*

- မူလမြေယာပိုင်ဆိုင်ခွင့်နှင့် ကိုယ်ပိုင် မြေယာစီမံခန့်ခွဲပိုင်ခွင့်များနှင့် ပတ်သက်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တန်ဖိုးများကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အဆင့် ပြဋ္ဌာန်းဥပဒေများ မရှိသေးခြင်းနှင့် ထိုဥပဒေများ၏ ပြဋ္ဌာန်းမှုများ လွန်စွာနှေးကွေးခြင်း။
- သစ်တောဥပဒေများ၊ ထိန်းသိမ်းနယ်မြေများ နှင့် သဘာဝအရင်းအမြစ် ဥပဒေများ ပြဋ္ဌာန်းရာတွင် ဌာနေတိုင်းရင်းသားများ ၏ ပူးပေါင်းပါဝင်မှု အလွန်နည်းသည်။
- နိုင်ငံတော်အဆင့် ဥပဒေပြုဌာနနှင့် ဒေသဆိုင်ရာ အစိုးရအတွင်းရှိ “အကျိုးအမြတ်ပေါ် စိတ်ဝင်စားမှုများ” ကြောင့် ဌာနေတိုင်းရင်းမြေယာများ၏ လုံခြုံရေးနှင့် ဒေသခံကိုယ်ပိုင် စီမံခန့်ခွဲခွင့်များကို မြင့်တင်ရန် အခက်အခဲများရှိနေသည်။

[၂] Adapted from Colchester, et.al, pp. 78-79.

## အဆောက်အအုံနှင့် ယန္တရားပိုင်းဆိုင်ရာ အခက်အခဲများ

- မြေယာတိုင်းတာခြင်းများ၊ မြေဂရမ်များထုတ်ပေးခြင်း၊ မြေယာပိုင်ဆိုင်ခွင့်စာရင်းများ ပြုစုခြင်းတို့နှင့်ပတ်သက်သည့် အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းအသစ်များသည် အများအားဖြင့် နှေးကွေး၊ ရှုပ်ထွေး၍ တခါတရံတွင် မြေယာပဋိပက္ခများကို ပိုမိုရှုပ်ထွေးစေသည်။
- မြေယာ မူဝါဒများသည် စိုက်ပျိုးရေးနှင့် စီးပွားရေးကဏ္ဍများကိုသာ ကျဉ်းမြောင်းစွာ အာရုံစူးစိုက်ပြီး ဌာနေတိုင်းရင်းသားများနှင့် အသေးစား လယ်သမားများအပေါ် အခြေခံသည့် အခြား စားနပ်ရိက္ခာ မူဝါဒများကို အာရုံစူးစိုက်ခြင်းမရှိပေ။
- မြေယာဓလေ့ထုံးတမ်းဥပဒေများနှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲရေးကို အကောင်အထည်ဖော်သည့် အစိုးရဌာနများ၏ အခန်းကဏ္ဍများနှင့် တာဝန်များ ထပ်တူ၊ ရှုပ်ထွေးနေလေ့ရှိသည်။
- အကြီးစား ဆောက်လုပ်ရေးစီမံကိန်းများနှင့်ပတ်သက်သည့် တရားစွဲဆိုမှုများ၊ လျော်ကြေးများကို ဖြေရှင်းရာတွင် အကြံအဉာဏ်များ ကောက်ယူစုဆောင်းခြင်းမရှိ၊ ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်မှုနှင့် မူလ ပိုင်ဆိုင်မှုများအပေါ် နားလည်ခြင်းမရှိသော အထက်–အောက် အကောင်အထည်ဖော်မှုများကိုကျင့်သုံးသည့် ပြင်ပအကြံပေးများကို အသုံးပြုသည်။

## စီးပွားရေးဆိုင်ရာ အခက်အခဲများ

- မြေတိုင်းထွာမှုများနှင့် မြေဂရမ်များကို ထုတ်ဝေရန် တာဝန်ရှိသည့် အစိုးရဌာနများ အမှုများ စစ်ဆေးဖြေရှင်းခြင်း၊ လက်တွေ့ စစ်တမ်းများကောက်ယူခြင်းနှင့် မြေဂရမ်များထုတ်ပေးခြင်းများ ထိရောက်စွာ လုပ်ဆောင်နိုင်ရန် လုံလောက်သည့် ဘဏ္ဍာငွေများနှင့် ဝန်ထမ်းများမရှိပေ။
- ဌာနေတိုင်းရင်းသားများ၏ နယ်မြေပိုင်နက်ထဲတွင် ဝင်ရောက်နေထိုင်နေကြသော တတိယပါတီများကို နေရာပြောင်းရွှေ့ရန် နှင့် လျော်ကြေးများ ချမှတ်ထုတ်ပေးရန် ဘဏ္ဍာငွေများ အကန့်အသတ်ရှိခြင်း။
- တတိယပါတီများ၏ မြေယာတန်ဖိုးသတ်မှတ်ချက်များ အစိုးရ၏ မြေယာဝယ်ယူရေးနှင့် လျော်ကြေးသတ်မှတ်ရေး လုပ်ငန်းများကို အနှောင့်အယှက်ပေးနေသည်။

## နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခက်အခဲများ

- အထွေထွေလူထုများနှင့် ပြင်ပသူများ၏ မြေယာဓလေ့ထုံးတမ်းကျင့်စဉ်များနှင့် ယန္တရားများအပေါ် နားလည်မှုလွဲမှားခြင်း။
- နိုင်ငံတကာ လူ့အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ပတ်သက်သည့် စံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံရေးဆန္ဒကင်းမဲ့ခြင်းနှင့် ပြည်နယ်အဆင့် အစိုးရဝန်ထမ်းများနှင့် ဌာနများအကြားတွင် ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်တိုင်းထွာသတ်မှတ်ခြင်းနှင့် မြေဂရမ်ထုတ်ပေးခြင်းများအပေါ် စိတ်ဝင်စားမှုနည်းပါးခြင်း။
- ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်နယ်မြေများကို ‘အပြည့်အဝ အသုံးပြုခြင်းမရှိ” ဟူသော အမြင်သဘောထားများ ကြောင့် ဌာနေတိုင်းရင်းသားများအတွက် ကြီးမားကျယ်ပြန့်သော နယ်နိမိတ်သတ်မှတ်ပေးရန် ဆန္ဒကင်းမဲ့ခြင်း။
- ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်နယ်နိမိတ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်နိုင်ခြင်း ကြောင့် နိုင်ငံတွင်း စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ပြီး ခွဲထွက်ခြင်းများဖြစ်လာနိုင်မည်ဟူသည့် အချေအမြစ်မရှိသော စိုးရိမ်ပူပန်မှုများ ရှိနေခြင်း။

## ဒေသအတွင်း အခက်အခဲများ

- ဒေသခံ လူကြီးသူမများ/ခေါင်းဆောင်များ၏ ကြီးမားလာသော မြေယာနှင့်ပတ်သက်သည့် စီမံခန့်ခွဲရေးအာဏာများကို အလွဲသုံးစားပြု အခွင့်အကောင်းယူခြင်း။
- အခွင့်အရေးများ လက်တွေ့ရယူကျင့်သုံးနိုင်ရန် လူမှုအသိုင်းအဝိုင်းအတွင်းရှိ ပြည်သူလူထုတို့၏ တက်ကြွစွာ ပူးပေါင်းပါဝင် ခြင်း စဉ်ဆက်မပြတ်လိုအပ်လေ့ရှိသည်။
- ဒေသခံ မြေယာပိုင်ဆိုင်သူများ တန်ဖိုးအများဆုံးပေး၍ မြေယာဝယ်ယူမည့်သူများထံ မြေယာများကို ရောင်းချရန် လွတ်လပ်မှုအခွင့်အရေး နည်းပါးခြင်း။

# အပိုင်း ၂။ ဓလေ့ထုံးတမ်း ဥပဒေများကို အသိအမှတ်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းတို့နှင့် ပတ်သက်သည့် ဥပဒေဘောင်

ဥပဒေရေးရာ ဗဟုဝါဒ။ မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းများကို အကာအကွယ်ပေးနေသည့် အဆင့်ပေါင်းစုံမှ ဥပဒေများ၏ စုပေါင်းရပ်တည်မှု

မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းဥပဒေများကို ကျင့်သုံးသော ဥပဒေဘောင်များသည် ဥပဒေပညာရှင်များအတွက်ပင်လျှင် ရှုပ်ထွေးနေလေ့ရှိသည်။ယှဉ်ပြိုင်တည်ရှိနေသော ဥပဒေအဆင့် ၃ ဆင့် ကို လေ့ လာသုံးသပ်ခြင်းဖြင့် ဥပဒေဘောင်ကို အကောင်းဆုံး နားလည်နိုင်စေမည်ဖြစ်သည်။ (အောက်ပါရုပ်ပုံ ၁ တွင် ရေးဆွဲဖော်ပြထားသော ဥပဒေအဆင့်အဆင့်နှင့် ထိုဥပဒေများ၏ ဆက်စပ်ပုံကို လေ့လာနိုင်ပါသည်။)

- **ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများနှင့် ပတ်သက်သည့် နိုင်ငံတကာ/ဒေသဆိုင်ရာ သဘောတူ စာချုပ်စာတမ်းများ**
- **မြေယာနှင့်ပတ်သက်သည့် နိုင်ငံတော်အဆင့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ (မြေယာဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ)**
- **ဓလေ့ထုံးတမ်း ဥပဒေ**

ထိုဥပဒေအဆင့်သုံးဆင့်အချင်းချင်းအကြား ဆက်စပ်နေပုံများသည် နိုင်ငံတနိုင်ငံနှင့်တနိုင်ငံအကြား ကွဲပြားခြားနားမှုများစွာ ရှိနေသည်။ နိုင်ငံတနိုင်ငံအတွင်းမှာပင် လက်ရှိအစိုးရ၏ နိုင်ငံရေးရပ်တည်ချက်အပေါ် မူတည်၍ ကွဲပြားခြားနားသည်။

စာမျက်နှာ ၆ ရှိ ရုပ်ပုံ–၆ သည် မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းကို အသိအမှတ်ပြုသော မည်သည့်နိုင်ငံတွင်မဆို တည်ရှိနေ သော စည်းမျဉ်းစည်းကမ်းများနှင့် ယင်းတို့၏ ဆက်စပ်မှုများကို ရေးဆွဲဖော်ပြထားသည်။ သို့သော် ရုပ်ပုံတွင် ဖော်ပြထားသော တည်ဆောက်ပုံနှင့် ဆက်စပ်မှုများသည် မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းများကို အသိအမှတ်ပြုသော နိုင်ငံများအတွင်းတွင် ထိုဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ မည်ကဲ့သို့ တည်ရှိ၊ ဆက်စပ်နေသည်ကို ယေဘုယျအားဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ နိုင်ငံတိုင်းတွင် မတူကွဲပြား

သော နောက်ခံသမိုင်းကြောင်း/အခြေအနေများ ရှိကြပြီး နိုင်ငံအများစုသည် ရုပ်ပုံ ၁ တွင် ဖော်ပြထားသော အစိတ်အပိုင်းများ၏ အချို့အစိတ်အပိုင်းကိုသာ သုံးစွဲ/အသိအမှတ်ပြု/အကောင်အထည်ဖော်ကြသည်။ ထို့အပြင် နိုင်ငံများသည် အချို့တည်ဆောက်ပုံများ (အဆင့်များ) နှင့် ဆက်စပ်မှုများကို အခြားထက် ပိုမိုအလေးထား ကျင့်သုံးကြသည်။ ရုပ်ပုံ ၁ ပါ အဆင့် ၆ ဆင့်တိုင်းကို ကဏ္ဍခွဲများအလိုက် အောက်ပါအတိုင်း လေ့လာသုံးသပ်သွားမည်ဖြစ်ပြီး နိုင်ငံအသီးသီးမှ မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းများ တည်ဆောက်၊ ဆက်စပ်ကြသည့် ဥပမာများကို အပိုင်း ၃ တွင် တင်ပြသွားမည်ဖြစ်သည်။ မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းဥပဒေကို အသိအမှတ်ပြုသော နိုင်ငံများတွင် မြေယာပြဋ္ဌာန်းဥပဒေများ (တရားဝင်၊ ဥပဒေ ပုဒ်မများနှင့် တည်ဆောက်ပုံများ) ယှဉ်ပြိုင်တည်ရှိသည် (မြေယာပြဋ္ဌာန်းဥပဒေများကို မြို့ပြနယ်နိမိတ်များအတွင်း ကျင့်သုံးကြသည်။)။ ယှဉ်ပြိုင်တည်ရှိနေသော ဥပဒေစနစ်နှင့်ထပ်တူ တသီးပုဂ္ဂလ သို့မဟုတ် အစိုးရဌာနတို့သည် **'သီးခြားချဉ်းကပ်ပုံစနစ်'** ကို အသုံးပြု၍ မိမိတို့အတွက် အကျိုးအရှိဆုံး ဖြစ်မည့် ဥပဒေကို့ မြှင့်တင်၊ သုံးစွဲ၊ အကောင်အထည်ဖော်နိုင်သည်။ မြေယာအခွင့်အရေးကို ကာကွယ်သူ၊ ရရှိရန် ကြိုးပမ်းနေသူအနေဖြင့် **'ဥပဒေကဏ္ဍရွေးချယ်ဝယ်ယူခြင်း'** ဆိုသည့် မိမိအတွက် အကျိုးအရှိဆုံး၊ အသင့်လျော်ဆုံးဖြစ်မည့် ဥပဒေကို ရှာဖွေရွေးချယ်ခြင်း ပြုလုပ်နိုင်သည်။

ဥပမာအားဖြင့်– အကယ်၍ အရင်းရှင် သို့မဟုတ် လူမှုအသိုင်းအဝိုင်း၏ ခေါင်းဆောင်အနေဖြင့် နိုင်ငံတော်အဆင့် (ပြဋ္ဌာန်း) ဥပဒေများသည် မိမိတို့၏ ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် မြေယာနှင့်သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရေးအာဏာများအတွက် အကျိုးအရှိဆုံးဖြစ်မည်ဟုယူဆပါက ထိုနယ်မြေအတွင်း နှစ်ပေါင်းများစွာ အသိအမှတ်ပြု ကျင့်သုံးခဲ့သော ဓလေ့ထုံးတမ်းများ တည်ရှိနေသော်လည်း အကယ်၍ ထိုဓလေ့ထုံးတမ်းများသည် နိုင်ငံတော်အဆင့် (ပြဋ္ဌာန်း) ဥပဒေနှင့် ဆန့်ကျင်နေပါက ထိုဓလေ့ထုံးတမ်းများကို လစ်လျူရှု၍ နိုင်ငံတော်အဆင့် (ပြဋ္ဌာန်း) ဥပဒေများကို ရွေးချယ်အသုံးပြုနိုင်သည်။ မည်သူတို့က မြေယာများကို ပိုင်ဆိုင်ခွင့်ရှိသည်ကို ဆုံးဖြတ်နိုင်သည့် ရှင်းလင်းသည့် ဥပဒေများ မရှိသည့်အတွက် ပဋိပက္ခများနှင့် မြေယာ၊ သဘာဝအရင်းအမြစ် ဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်သည်။

လက်တွေ့တွင် ဥပဒေစနစ်အမျိုးမျိုးနှင့် ဥပဒေအရင်းအမြစ်အမျိုးမျိုးတို့ နယ်မြေတခု အတွင်း၊ လူမှုအသိုင်းအဝိုင်းတခုအပေါ်၊ တချိန်တည်းတွင် သက်ရောက်မှုရှိနေသည်ကို ပိုမို 'ပူးပေါင်းပါဝင်မှု' ရှိသည့် ချဉ်းကပ်မှုမှ အသိအမှတ်ပြုသည်။ ကွဲပြားခြားနား သော ဥပဒေစနစ်များ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်၊ ဥပဒေပိုင်းဆိုင်ရာ ရှင်းလင်းပြတ် သားမှုများ ရှိလာစေရန်စသည့် ယှဉ်ပြိုင်တည်ရှိနိုင်မှုအတွက် ဤ '**ဥပဒေရေးရာ ဗဟုဝါဒ**'မှ ဖေါ်ဆောင်သည်။ ဥပဒေရေးရာ ဗဟုဝါဒအပေါ် အခြေခံသည့် နိုင်ငံတော် အဆင့် (ပြဌာန်း) ဥပဒေများ ပြုပြင်ပြောင်းလဲခြင်းသည် လူမှုအသိုင်းအဝိုင်းများ တိုးတက် စေရန်၊ မြေယာ နှင့် သဘာဝ အရင်းအမြစ်များကို တည်တံ့ခိုင်မြဲစွာ စီမံခန့်ခွဲရန် နှင့် တည် တံ့ခိုင်မြဲသော စီးပွားရေးတိုးတက်မှုများကို အထောက်အကူပြု သည့် ရင်းနှီးမြှုပ်နှံရန်တို့ တွက် ခိုင်မာသည့် အုတ်မြစ်သဖွယ် ပံ့ပိုးပေးနေသည်။

ဥပဒေစနစ်တခု ပိုမိုအားကောင်းလာစေရန်၊ ပိုမိုသက်ရောက်မှုရှိစေရန် အခြားဥပဒေ စနစ်ကို ကန့်သတ်မည့်အစား၊ "ဥပဒေရေး ရာ ဗဟုဝါဒကို အသုံးပြုခြင်းဖြင့် ဥပဒေစနစ် တခုချင်းစီ၏ အကျိုးအမြတ်များ/အသုံးဝင်မှုများကို အသုံးပြုနိုင်မည်ဖြစ်ပြီး ထိုစနစ်များ ၏ အားသာချက်များကို ဆွဲယူသုံးစွဲနိုင်မည်ဖြစ်သည်။ ထို့အပြင် ပိုမိုထိရောက်မှုရှိသော စဉ်းမျဉ်းနှင့်မူဝါဒများ ချမှတ်ခြင်း၊ မတူကွဲပြားသော ဓလေ့ထုံးစံ၊ အခြေအနေများ၊ နိုင်ငံ တော်အဆင့် ဥပဒေများနှင့် တန်းတူညီမျှရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သော အုပ် ချုပ်ရေး စသည့် နိုင်ငံတကာ အခြေခံမူတို့ကို ကျင့်သုံးခြင်းမှတဆင့် စဉ်ဆက်မပြတ်ပြောင်း လဲနေသော လူမှုအသိုင်းအဝိုင်းအသီးသီးတို့၏ လိုအပ်ချက်များကို လွယ်ကူစွာတုန့်ပြန် ခြင်းတို့ကို ဖြစ်ပေါ်စေသည်။

## ရုပ်ပုံ ၁။ မြေယာဓလေ့ထုံးတမ်းဥပဒေများအပေါ် သက်ရောက်မှုရှိသည့် အဆင့်များနှင့် ယန္တရားများ၏ ဖြစ်နိုင်ချေများ



## အဆင့် ၁။ ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများကို ကာကွယ်ပေးသည့် နိုင်ငံတကာ ဥပဒေများ

အချို့နိုင်ငံများသည် မြေယာအခွင့်အရေး ဓလေ့ထုံးတမ်းကို ဥပဒေအရ ထောက်ကူသည့် နိုင်ငံတကာ/ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် စာချုပ်များကို လက်မှတ်ရေးထိုးထားသော်လည်း အခြားနိုင်ငံများ လက်မှတ်ရေးထိုးခြင်း မရှိသေးပေ။ လက်မှတ်ရေးထိုးထားသော နိုင်ငံများတွင်ပင်လျှင် ထိုစာတမ်းများတွင် ဖော်ပြထားသော အခွင့်အရေးများကို လက်တွေ့ရရှိရန် အလွန်ခက်ခဲနိုင်သည်။ အကောင်းဆုံးအခြေအနေမှာ နိုင်ငံတကာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးပြီးနောက် မြေယာအခွင့်အရေး ဓလေ့ထုံးတမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် သေချာစွာ ထည့်သွင်းရေးသားထားသည်။ အောက်ပါ စာတမ်း ၃ စောင်သည် မြေယာပိုင်ဆိုင်ခွင့် ဓလေ့ထုံးတမ်းကို ရှင်းလင်းပြည့်စုံစွာ ဖော်ပြထားသည်။

၁။ **နိုင်ငံတကာ အလုပ်သမားများသမဂ္ဂ (International Labor Organization-ILO) သဘောတူစာချုပ် အမှတ် ၁၆၉** တွင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးစံ နှင့် မြေယာအခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် ထိုအခွင့်အရေးများကို ထိခိုက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုရှိရန် လိုအပ်ခြင်းတို့ပါဝင်သည်။ ပုဒ်မ ၄ တွင် ဌာနေတိုင်းရင်းများ၏ ပိုင်ဆိုင်မှုများ၊ အဆောက်အအုံများ၊ ယဉ်ကျေးမှုများ လုံခြုံရေးအတွက် နိုင်ငံအစိုးရများ ပြဌာန်းမှုများကို ထိုလူမှုအသိုင်းအဝိုင်းများ၏ သဘောဆန္ဒများနှင့်အညီ ချမှတ်ရမည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၈ (၁) တွင် အစိုးရများ နိုင်ငံတော်အဆင့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးရာတွင် ဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးစံနှင့် ဓလေ့ထုံးတမ်းဥပဒေများကို **'ထည့်သွင်းစဉ်းစားရန်' (due regard)** လိုအပ်သည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၁၅ (၁) တွင် ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့် ဆက်စပ်နေသည့် သဘာဝအရင်းအမြစ်များကို အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်များနှင့် ထိုအရေးကိစ္စများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုရှိရေးကို အာမခံထားသည်။

၂။ **ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (The United Nations Declaration on the Rights of Indigenous Peoples-UNDRIP)** သည် ပြည့်စုံသောဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ စာရင်းဖြစ်သည်။ ကြေညာစာတမ်းတွင် ပုဒ်မ ၄၆ ပုဒ်မပါရှိပြီး တဦးချင်း အခွင့်အရေး နှင့် စုပေါင်း အခွင့်အရေးများပါဝင်သည်။ ပုဒ်မများတွင် ခွဲခြားဆက်ဆံမှုမရှိခြင်း၊ မြေယာပိုင်ဆိုင်မှုအခွင့်အရေး၊ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးစံများနှင့် ရိုးရာ ဓလေ့ မြေယာများအပေါ် သက်ရောက်မှုရှိမည့် လုပ်ရှားဆောင်ရွက်မှုများ မပြုလုပ်ခင်တွင် နိုင်ငံအစိုးရများမှ ထိုလူမှုအသိုင်းအဝိုင်းများ၏ 'ပြည့်စုံသော နားလည်မှုဖြင့် လွတ်လပ်သော ကြိုတင် သဘောတူညီမှု' (free, prior and informed consent-FPIC) ရယူရန် တာဝန်ရှိသည် စသည့် အကြောင်းအချက်များ ပါဝင်သည်။ ပုဒ်မ ၂၆ (၃) တွင်နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားများ၏ နယ်မြေများကို ဥပဒေအရ အသိ အမှတ် ပြုရန်နှင့် အကာအကွယ်ပေးရန် လိုအပ်သည်ဆိုသည့်အပြင် 'ထိုအသိအမှတ်ပြုမှုများကို ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးစံ၊ ရိုးရာဓလေ့နှင့် မြေယာပိုင်ဆိုင်မှုစနစ်တို့နှင့် ကိုက်ညီစွာ ဆောင်ရွက်ရမည်' ဟု ဖော်ပြထားသည်။

၃။ **နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ် (The International Covenant on Civil and Political Rights-ICCPR)** သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပါဝင်သော နိုင်ငံသားအခွင့်အရေးများကို ရှင်းလင်းတင်ပြထားသည့် အခြေခံ နိုင်ငံတကာ လူ့အခွင့်အရေး ကိရိယာဖြစ်သည်။ ပုဒ်မ ၂၇ တွင် ဖော်ပြထားသော အခွင့်အရေးများသည် **'နယ်မြေပိုင်နက်များနှင့် ထိုပိုင်နက်အတွင်းရှိ သဘာဝ အရင်းအမြစ်များနှင့် တိုက်ရိုက် ပတ်သက်ဆက်နွယ်နေသည်။ လူနည်းစုများဟု ယူဆရသည့် ဌာနေတိုင်းရင်းသားလူမျိုးစုများအတွက် ပိုမို ဆက်စပ်နေသည်။'**

## *အဆင့် ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးခြင်း*

စံပြအခြေအနေများတွင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအခွင့်အရေးများနှင့် ပတ်သက်သော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို လက်ခံထားသော နိုင်ငံတိုင်းတွင်

ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဓလေ့ထုံးစံများကို ကျင့်သုံးပိုင်ခွင့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်း အပါအဝင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် ထည့်သွင်းဖော်ပြကြသည်။

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း ၁၀၀ ကျော် ဓလေ့ထုံးတမ်းဥပဒေများ၏ အချို့အစိတ်အပိုင်းများကို အသိအမှတ်ပြုသည့် ပုဒ်မများပါဝင်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ၃၉ ခုတွင် မြေယာပိုင်ဆိုင်မှုနှင့် သဘာဝအရင်းအမြစ်အခွင့်အရေးဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများနှင့် ပတ်သက်သည့် ပုဒ်မများ ပါဝင်သည်။ ထိုနိုင်ငံများအတွင်းမှ ၃၅ နိုင်ငံသည် အာဖရိကနိုင်ငံများ၊ အလယ်နှင့် တောင်အမေရိကနိုင်ငံများနှင့် ပင်လယ်နိုင်ငံများ အချိုးညီ ပါဝင်နေသည်။[၃]

ဓလေ့ထုံးတမ်းဥပဒေများနှင့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသိအမှတ်ပြုရန် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအများစုတွင် ဓလေ့ထုံးတမ်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ အကာအကွယ်ပေးထားခြင်း မရှိပါက ပြဋ္ဌာန်းဥပဒေများသည် ယင်းတို့နှင့် ဆန့်ကျင်နေသည့် ဓလေ့ထုံးတမ်းဥပဒေအပေါ် လွှမ်းမိုးမှုရှိသည်။ ဓလေ့ထုံးတမ်း ဥပဒေကို အပြည့်အဝ အကာအကွယ်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော နိုင်ငံများမှာ ဗိုလီးဗီးယားနိုင်ငံနှင့် အီကွေဒေါ နိုင်ငံတို့ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ရပ်လုံးတွင် မြေယာ၊ တရားရုံးများနှင့် ရိုးရာအဆောက်အအုံများအတွင်း ဓလေ့ထုံးတမ်းဥပဒေများ၏ အခန်းကဏ္ဍ အပါအဝင် ဓလေ့ထုံးတမ်းဥပဒေနှင့် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲခြင်းတို့နှင့် တိုက်ရိုက်ပတ်သက်သည့် ပုဒ်မများ ပါဝင်သည်။

[၃] Cuskelly, p. 24-25.

**အီကွေဒေါ။** "ဌာနေတိုင်းရင်းသားစုများ၊ လူမှုအသိုင်းအဝိုင်းများ၊ ဌာနေတိုင်းရင်းသားများနှင့် လူမျိုးများကို အသိအမှတ်ပြုပြီး အောက်ပါအခွင့်အရေးများကို အာမခံထားသည်။ (၄) လူမှုအသိုင်းအဝိုင်းပိုင် မြေယာများကို အချိန်ကာလ သတ်မှတ်ချက်မရှိဘဲ ပိုင်ဆိုင်ခွင့်ရှိရမည့်အပြင် ထိုမြေယာများမှာ ဖယ်ကျင်ခံရခြင်း၊ ထိမ်းသိမ်းခံရခြင်းနှင့် မြေယာများကို ခွဲခြမ်းခြင်းများမှ ကင်းလွတ်စေရမည်။ ထိုမြေယာများနှင့်ပတ်သက်သည့် အခကြေးငွေများ၊ အခွန်များ ကောက်ခံခြင်းမှလည်း ကင်းလွတ်စေရမည်။ (၅) ဘိုးဘွားပိုင် နယ်မြေပိုင်နက်များကို ပိုင်ဆိုင်ခွင့်နှင့် ထိုပိုင်ဆိုင်ခွင့်များကို ကုန်ကျစာရိတ်မရှိ ပိုင်ဆိုင်ခွင့်ရှိရမည်။ (၆) ထိုနယ်မြေအတွင်းရှိ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်း၊ အကျိုးခံစားခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့တွင် ပူးပေါင်းပါဝင်ခွင့်ရှိရမည်။"

**ဗိုလီးဗီးယား။** "ဌာနေတိုင်းရင်းသား လူမျိုးများနှင့် ဘိုးဘွားပိုင်နယ်မြေသတ်မှတ်မှုများကိုလိုနီမတိုင်ခင်ခေတ် ကတည်းက ရှိခဲ့သည့်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ယဉ်ကျေးမှုအခွင့်အရေး၊ ၎င်းတို့၏ အဆောက်အအုံများကို အသိအမှတ်ပြုခံရခွင့် နှင့် နယ်မြေတခုနှင့်တခုအကြား ပူးပေါင်းမဟာမိတ်ဖွဲ့ပိုင်ခွင့် စသည့်တို့ပါဝင်သည့် နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း လွတ်လပ်စွာ ဆုံးဖြတ်ကျင့်သုံးပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများတွင် အာမခံထားသည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထောက်ခံအားပေးမှုရှိခြင်းသည် များစွာအကျိုးရှိသော်လည်း **အစိုးရအနေဖြင့် ဓလေ့ထုံးတမ်းဥပဒေ များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းထားခြင်းမရှိဘဲ ပြဋ္ဌာန်းဥပဒေများ၊ မူဝါဒများတွင်သာ အသိအမှတ်ပြုထားခြင်းများ ပြုလုပ်နိုင်သည်**။ ဓလေ့ထုံးတမ်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုထားခြင်းမရှိသော်လည်း ရိုးရာ အစဉ်အလာအရ နယ်မြေတခုအပေါ်တွင် နေထိုင်ခဲ့ကြသည့်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုသည့် ဌာနေတိုင်းရင်းသားများ၏ ပိုင်ဆိုင်ခွင့်မှုကို ကျင့်သုံးသော သြစတြေးလျား၊ ကနေဒါ နှင့် နယူးဇီလန်တို့သည် စံပြ နမူနာနိုင်ငံများ ဖြစ်ကြသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **ထည့်သွင်းဖော်ပြထားခြင်းမရှိ**သော်လည်း ဓလေ့ထုံးတမ်းဥပဒေ များနှင့် မူဝါဒများကို ကျင့်သုံးခွင့်မရှိဟု **အဓိပ္ပါယ်သက်ရောက်မှုမရှိ**ပေ။

"ဓလေ့ထုံးတမ်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ထားမှုမရှိခြင်းသည် ထိုနိုင်ငံတွင် ဓလေ့ထုံးတမ်းဥပဒေများ မရှိခြင်း၊ အရေးမပါခြင်း၊ ပတ်သက်ဆက်နွယ်မှု မရှိခြင်းဟု ယူဆ၍ မရသည်ကို အထူးအလေးထားရန် လိုအပ်သည်။ ဓလေ့ထုံးတမ်း ဥပဒေများကို ပေါ်လွင်ထင်ရှားစွာ ဖယ်ရှား၊ ကန့်သတ်ထားသည့် ဥပဒေပုဒ်မ မရှိသရွေ့ ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်း ဥပဒေတို့အကြား ဆက်စပ်မှုများကို ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်နိုင်သည့် အလားအလာရှိနေသည်။"[၄]

## *အဆင့် ၃။ ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများအကြား ဆက်စပ်မှုများ*

အဆင့် ၃ တွင် ဥပဒေများပြဋ္ဌာန်းခြင်း၊ အမြင့်ဆုံး တရားစီရင်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ ပါဝင်သည်။ စံပြအခြေအနေတွင် ဥပဒေများနှင့် တရားစီရင်ချက်များသည် ဓလေ့ထုံးတမ်းဥပဒေများနှင့် ဓလေ့ထုံးစံများကို အသိအမှတ်ပြုထားသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ပုဒ်မများနှင့် ကိုက်ညီမှုရှိသည်။ ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်း ဥပဒေများတို့အကြား ဆက်စပ်မှုများ နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရန် မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့တုံးတမ်းဥပဒေများ နှစ်ရပ်လုံးတည်ရှိသည့် နိုင်ငံများတွင် ထိုဥပဒေများသည် 'သီးခြား သို့သော် တန်းတူညီစွာ' (separately but equally) တည်ရှိပါသလား။
- ဗဟိုအစိုးရအနေဖြင့် ဓလေ့တုံးတမ်းဥပဒေများကို တချိန်တွင် တည်ဆဲပြဋ္ဌာန်းဥပဒေများနှင့် အံဝင်ဂွင်ကျမှုဖြစ်လာစေရန် ပြောင်းလဲကျင့်သုံးသွားမည့် ရည်ရွယ်ချက်ရှိပါသလား။
- ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့တုံးတမ်းဥပဒေများ အချင်းချင်းအကြား ပဋိပက္ခများမရှိဘဲ 'ဟန်ချက်ကျကျ' တည်ရှိ၍ ဥပဒေ ရှေ့မှောက်တွင် တန်းတူညီမျှသည့် တရားဝင်မှု ရရှိနိုင်မည်လား။

[၄] Cuskelly, p. 27.

ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့တုံးတမ်းဥပဒေများနှစ်ရပ်လုံး တည်ရှိနေခြင်းကြောင့် ပဋိပက္ခများ သို့မဟုတ် ပြဿနာများ ရှိလာနိုင်သည်ဟု အလိုအလျောက် ယူဆ၍မရပေ။ ဥပဒေနှစ်ရပ်လုံး တည်ရှိနေသည့်အတွက်ကြောင့် အစဉ်ပြောင်းလဲနေသော စီးပွားရေးနှင့် ဩဇာအာဏာတို့နှင့် ကိုက်ညီမည့်စနစ်ကို ပြောင်းလဲအသုံးပြုခွင့်ရှိစေသည်။ နိုင်ငံတော်တော်များများတွင် နိုင်ငံအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများ၏ ဝင်ရောက်စွက်ဖက်မှုမရှိခြင်းနှင့် ပြင်ပ အစုအဖွဲ့များအနေဖြင့် ဒေသခံ စံသတ်မှတ်ချက်များကို လေးစားလိုက်နာရန် တာဝန်ရှိခြင်းတို့ကြောင့် ဓလေ့ထုံးတမ်း စည်းကမ်းများ၊ လုပ်ပိုင်ခွင့်အာဏာများ ပိုမိုအားကောင်းစွာတည်ရှိနေသည်။[၇]

အချို့နေရာများတွင် ဌာနအသီးသီးမှ ပူးတွဲထားသော စည်းမျဉ်းစည်းကမ်းဘောင်အသစ်များကို ဖန်တီးရာတွင် ပူးပေါင်း၊ ဆက်စပ်ဆောင်ရွက်သည့် နည်းလမ်းများ ရှာဖွေတွေ့ရှိကြသည်။ လက်တွေ့တွင် ဥပဒေရေးရာ ဗဟုဝါဒကို ကျင့်သုံးနေသော်လည်း ထို မူဝါဒများ ကျေးလက်လူထုများအပေါ် သက်ရောက်နိုင်မှု ရှိ၊ မရှိ ဆိုသည်မှာ နိုင်ငံ၏ သမိုင်းကြောင်း၊ ဒေသခံလူထုတို့၏ အာဏာလွှမ်းမိုးမှုတို့အပေါ်မူတည်သည်။

## *အဆင့် ၄ မှ ၆။ မြေယာ စီမံအုပ်ချုပ်ရေး၊ တရားမျှတရေး၏ တည်ဆောက်ပုံများနှင့် အခန်းကဏ္ဍများ*

မြေယာ ဓလေ့ထုံးတမ်းဥပဒေများနှင့် မူဝါဒများ ရေးသားချမှတ်ပြီးနောက် ထိုဥပဒေများကို တည်ဆောက်ပုံအသီးသီး၊ ဌာန အသီးသီးဖြင့် စီမံအုပ်ချုပ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဖြစ်ပေါ်သည်။ အဆင့် ၄ မှ အဆင့် ၆ တို့တွင် ဒေသခံ လူမှုအသိုင်းအသိုင်းများနှင့် ဗဟိုအစိုးရတို့အကြား အပြန်အလှန်ဆက်ဆံမှုများ ဖြစ်ပေါ်သည်။ ရုပ်ပုံ ၁ တွင် ဖော်ပြထားသည့် အတိုင်း အဆင့် ၄ မှ အဆင့် ၆ တို့တွင် နိုင်ငံအသီးသီးတွင် တည်ရှိနေသည့် တည်ဆောက်ပုံအမျိုးမျိုးကို တွေ့ရှိရပေမည်။ ဒေသခံ လူမှုအသိုင်းအဝိုင်းတို့၏ စီမံဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဗဟိုအစိုးရ၏ ပါဝင်လုပ်ဆောင်မှု (ရုပ်ပုံ ၁ တွင် ဖော်ပြထားသည့် က၊ ခ၊ ဂ လမ်းကြောင်းအတိုင်း) အတိုင်းအတာမှာ လုံးဝ ဝင်

[၇] For example in Burkina Faso as described by JP Jacob (2002).

ရောက်စွက်ဖက်ခြင်းမရှိသည့်အဆင့်မှ ဗဟိုအစိုးရ မြေယာဝန်ကြီးဌာနမှ ဒေသခံ မြေယာစီမံအုပ်ချုပ်ရေးကို 'အထက်–အောက်' ပုံစံဖြင့် တိုက်ရိုက်ထိန်းချုပ်သည့် အဆင့်တို့ ပါဝင်သည်။

ရုပ်ပုံ ၁ ပါ လမ်းကြောင်း 'ခ' သည် ဗဟိုအစိုးရ၏ ဝင်ရောက်စွက်ဖက်မှုအနည်းဆုံး အခြေအနေကို ကိုယ်စားပြုသည်။ ဤ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းကို မိုဇမ်ဘိခ်၊ အီကွေဒေါ၊ ကိုလမ်ဘီယာ၊ ပနားမား နှင့် တောင်ပိစိဖိတ် ကျွန်းနိုင်ငံများအပါအဝင် နိုင်ငံတော် တော်များများတွင် ကျင့်သုံးလာကြသည်။ ဤကဲ့သို့သော မြေယာစီမံအုပ်ချုပ်ရေးပုံစံသည် အိမ်နီးနားချင်း လူမှုအသိုင်းအဝိုင်းများအကြားနှင့် ဗဟိုအစိုးရ၏ မြေယာပိုက်နက်တို့နှင့် အငြင်းပွားမှုများ မရှိပါက ဗဟိုအစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။ ဤနည်းလမ်း၏ ဗဟိုအစိုးရအပေါ် အကျိုးပြုနေသည့် အဓိကအချက်မှာ ဗဟိုအစိုးရ၏ အရင်းအမြစ်များကို သုံးစွဲရန် လိုအပ်မှု နည်းပါးခြင်းပင်ဖြစ်သည်။ အကြီးမားဆုံးအားနည်းချက်မှာ ဗဟိုအစိုးရ၏ စောင့်ကြည့်စစ်ဆေးခြင်းမရှိသည့်အတွက် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်း နေထိုင်သူများကို အခွင့်အရေးချိုးဖောက်ခံရခြင်းမှ အကာအကွယ်ပေးရန် ယန္တရားများ မရှိခြင်းပင်ဖြစ်သည်။

ဗဟိုအစိုးရမှ ဒေသတွင်း မြေယာစီမံအုပ်ချုပ်ရေး ဓလေ့ထုံးတမ်းများနှင့် ပူးတွဲတည်ရှိချင်သည့် အခြေအနေများတွင် လမ်းကြောင်း 'ဂ' ကို အသုံးပြုသည်။ မြေယာဝန်ကြီးဌာန၏ လက်အောက်ခံ ဒေသအဆင့် မြေယာစီမံအုပ်ချုပ်ရေးရုံးမှ ဒေသတွင်း မြေယာမူဝါဒများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ဤဒေသအဆင့် မြေယာစီမံအုပ်ချုပ်ရေးရုံးမှ ဗဟိုအစိုးရ၏ မြေယာအသုံးပြုရေး ဓလေ့ထုံးတမ်းများကို ကျင့်သုံးသည့် ဒေသများအနီးတွင် တည်ရှိနေခြင်းနှင့် ဒေသခံ စီမံအုပ်ချုပ်ရေးရုံးများ နှင့် အပြန်အလှန် ဆက်စပ်မှုများ၊ ဆက်သွယ်မှုများကို ဖြစ်ပေါ်စေသည်။

အထက်တွင် ဆွေးနွေးထားသည့် အစွန်းနှစ်ဖက်မှ ပုံစံများ အကြား ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းမှာ ပူးတွဲကော်မတီ အမျိုးအစား (လမ်းကြောင်း 'က') ဖြစ်သည်။ ဤနေရာတွင် ဗဟိုအစိုးရနှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းတို့၏ ကိုယ်စားလှယ် များပါဝင်သော ပူးတွဲကော်မတီမှ မြေယာစီမံအုပ်ချုပ်ရေး တာဝန်ရှိသည်။ အချို့အခြေအနေများတွင် ပူးတွဲကော်

မတီ တွင်ပါဝင်သော ဒေသခံ လူမှုအသိုင်းအဝိုင်း၏ ကိုယ်စားလှယ်များသည် ဒေသခံ ကျေးရွာအဆင့် မြေယာကော်မတီဝင်များ သို့မဟုတ် ကောင်စီဝင်များ ဖြစ်ကြသည်။ အကောင်းဆုံးစနစ်များတွင် ဒေသခံများနှင့် ဗဟိုအစိုးရတို့၏ ကိုယ်စားလှယ်များ အချိုးတူပါဝင်ခြင်းဖြင့် တန်းတူညီမျှရေးကို ဖေါ်ဆောင်ထားသည်။ အခြား ကောင်းမွန်သည့် စနစ်တခုမှာ လူမှုအသိုင်းအဝိုင်း၏ ခေါင်းဆောင်များ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် နိုင်ငံရေးအကျိုးအမြတ်အပေါ် အခြေမခံသည့် ကိုယ်စားလှယ်များ ပါဝင်စေခြင်းပင်ဖြစ်သည်။

### ကျေးရွာအဆင့် မြေယာကော်မတီ/ ကောင်စီများ VLCs နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

- VLC ကို တရားဝင် မှတ်တမ်းတင်ခြင်း/ ဗဟိုအစိုးရမှ အသိအမှတ်ပြုခြင်း ရှိပါသလား။
- VLC အဖွဲ့ဝင်များ မည်ကဲ့သို့သော အရည်အချင်းများ ရှိသင့်သနည်း။
- VLCအဖွဲ့ဝင်များသည် လုပ်အားပေးများလား သို့မဟုတ် အခကြေးငွေ အကျိုးခံစားခွင့်ရှိပါသလား။
- VLC အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်၊ ခန့်အပ် သို့မဟုတ် အမွေဆက်ခံပါသလား။
- အနည်းဆုံး အမျိုးသမီးများ/လူနည်းစုများ မည်မျှပါဝင် ရမည်ဆိုသည့် သတ်မှတ်ချက်များရှိပါသလား။
- ကျေးရွာခေါင်းဆောင်/ကျေးရွာကော်မတီဝင်များ VLC အဖွဲ့ဝင် ဖြစ်နိုင်ပါသလား။
- VLC အဖွဲ့ဝင်များ မည်မျှမကြာခဏတွေ့ဆုံသနည်း။
- အထွေထွေလူထုများ VLC အစည်းအဝေး တက်ခွင့်ရှိပါသလား။

ဒေသခံလူမှုအသိုင်းအဝိုင်းအဆင့်တွင် (ရုပ်ပုံ ၁ ၏ အဆင့် ၆) မြေယာများကို တသီးပုဂ္ဂလများ (ကျေးရွာခေါင်းဆောင်များ/ လူကြီးသူမများ) မှ အစုအဖွဲ့များ (ကောင်စီများ၊ ကော်မတီ များ၊ အစည်းအရုံးများ၊ အဖွဲ့အစည်းများ) စသည့်တို့ ပါဝင်သည့် ဌာနအမျိုးမျိုးတို့ စီမံခန့်ခွဲကြသည်။ ထိုစီမံအုပ်ချုပ်ရေးအာဏာပိုင်များ/ရုံးဌာနများကို ရွေးကောက်တင်မြှောက် ခြင်း၊ ခန့်အပ်ခြင်း သို့မဟုတ် အမွေဆက်ခံခြင်းများဖြင့် ဖွဲ့စည်းနိုင်သည်။ အချို့အခြေအနေများတွင် ကော်မတီဝင်များ၊ ကောင်စီဝင်များ၏ တာဝန်ဝတ္တရားများကို စနစ်တကျ သတ်မှတ်ထားသည်။ အချို့အဖွဲ့အစည်း

များကို ဗဟိုအစိုးရ၏ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ တရားဝင် ဖွဲ့စည်းထားပြီး၊ အချို့မှာ ဗဟိုအစိုးရ၏ စောင့်ကြည့်စစ်ဆေးခြင်း ခံရသည်။ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အချက်များကို စာမျက်နှာ ၁၁ အကွက်ပိုတွင် ဖေါ်ပြထားသည်။ အချို့ လူမှုအသိုင်းအဝိုင်းများတွင် ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းအရာအပေါ်မူတည်၍ အချို့ သို့မဟုတ် အားလုံး ပါဝင်သော လူတိုင်း၏ သဘောတူညီမှုကို ရယူသည့် ဆုံးဖြတ်ချက် ချမှတ်သည့်စနစ်ကို အသုံးပြုကြသည်။ ခလေ့ထုံးတမ်းစနစ်အများစုတွင် ဤကဲ့သို့သော ဆုံးဖြတ်ချက်ချမှတ်ရေးစနစ်ကို အသုံးပြုကြပြီး ရိုးရာအရ လုပ်ပိုင်ခွင့်အာဏာရှိခဲ့သူများမှ ဆုံးဖြတ်ချက်များကို အသိုင်းအဝိုင်းတခုလုံးကိုယ်စား (အများအားဖြင့် အကြံအဉာဏ် ရယူခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်း အခြေခံဖြင့်) ချမှတ်ကြပြီး အခြားအရေးကိစ္စများတွင် အချို့ သို့မဟုတ် အား လုံး၏ ပူးပေါင်းပါဝင်မှု လိုအပ်သည်။

### အခြေခံအခွင့်အရေး လိုအပ်ချက်များ

ဒေသခံ မြေယာကော်မတီများနှင့် ကျေးရွာကောင်စီများမှ အောက်ပါကိစ္စရပ်များကို ဖြေရှင်းရန် ပျက်ကွက်ခဲ့ပါက ပြင်ပ (ဗဟိုအစိုးရ) မှ ဝင်ရောက်စွက်ဖက်နိုင်သည်။

- လူနည်းစုများ၏ အခွင့်အရေးများ/ကိုယ်စားပြုမှုများ
- အမျိုးသမီးများ၏ အခွင့်အရေးများ/ကိုယ်စားပြုမှုများ
- အသိုင်းအဝိုင်းပြင်ပမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ
- မြေယာနယ်နိမိတ်များ/ထိန်းချုပ်ခြင်းများ/အသုံးပြုမှု များနှင့်ပတ်သက်အိမ်နီးနားချင်း အသိုင်းအဝိုင်းများနှင့် အငြင်းပွားခြင်း
- ဒေသခံ မြေယာစီမံအုပ်ချုပ်သူများ/ကော်မတီဝင်များ/ ပူးတွဲကော်မတီများ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားခြင်း
- "နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမူ" နှင့် ဆန့်ကျင်နေခြင်း

ကျေးရွာအဆင့် မြေယာကော်မတီ/ကောင်စီ (Village Land Committee/Council - VLC) တွင် အဓိက တာဝန် နှင့် ဝတ္တရာများရှိသည်။ အချို့ကို အောက်ပါအကွက်ပိုတွင် ဖေါ်ပြထားသည်။ ထိုင်းနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းတခု၏ VLC နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို နောက်ဆက်တွဲ (ဂ) တွင် ဖေါ်ပြထားပြီး တန်ဇေးနီးယားနိုင်ငံ၏

ဥပမာကို နောက်ဆက်တွဲ (င–၄) တွင် ဖော်ပြထားသည်။ အရေးကြီးဆုံး အချက်မှာ မြေယာပိုင်ဆိုင်မှုဂရမ် ထုတ်ပေးခြင်းဖြစ်ပြီး အဓိက ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို အောက်ဘက်ထောင့်ပါ အကွက်ပိုတွင် ဖော်ပြထားသည်။ဒေသအဆင့် မြေယာစီမံအုပ်ချုပ်ရေးဌာနများကို မည်ကဲ့သို့ ဖွဲ့စည်းထားစေကာမူ **လူမှုအသိုင်းအဝိုင်းတခုလုံး၏ တာဝန်ခံမှု ရှိစေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာချမှတ်ထားရန်၊ သေချာစွာ နားလည်သဘောပေါက်ရန်နှင့် လူမှုအသိုင်းအဝိုင်း၏ အတည်ပြုမှုများ ရယူရန်** အရေးကြီးပေသည်။

ဗဟိုအစိုးရ၏ မြေယာစီမံအုပ်ချုပ်ရေးဌာနနှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းတို့ အပြန်အလှန်ဆက်စပ်နေသည့် အခြေအနေများတွင် ပြည်သူလူထုများ စနစ်နှင့်လုပ်ထုံးလုပ်နည်းများကို ဝင်ရောက်နိုင်ရန်၊ နားလည်နိုင်ရန်နှင့် အသုံးပြုနိုင်ရန်လည်း အရေးကြီးပေသည်။ ဗဟိုအစိုးရ၏ စီမံအုပ်ချုပ်ရေး အဆောက်အအုံများကို လွယ်ကူစွာဝင်ရောက်နိုင်ရန် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များမှာ–

- **နေရာ**– လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးသည့် အစိုးရရုံးများ တည်ရှိသည့်နေရာများသို့ လူမှုအသိုင်းအဝိုင်း များ လွယ်ကူစွာ သွားလာနိုင်ရမည်။
- **ဘာသာစကား**– အချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းများ လူမှုအသိုင်းအဝိုင်းတိုင်း၏ ဘာသာစကားများဖြစ်ပြီး လွယ်ကူစွာ နားလည်နိုင်ရန် ရှင်းလင်းတင်ပြထားရမည်။
- **ကုန်ကျစရိတ်**– ယင်းတို့၏ အခွင့်အရေးများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ကျင့်သုံးနိုင်ရန် လိုအပ်သည့် ယန္တရားများ နှင့် လုပ်ထုံးလုပ်နည်းများကို ကုန်ကျစရိတ်မရှိဘဲ သို့မဟုတ် အားလုံးပေးနိုင်သည့် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ဝင်ရောက်အသုံးပြုနိုင်ရမည်။
- **ရင်းနှီးကျွမ်းဝင်မှု**– လူမှုအသိုင်းအဝိုင်းများအနေဖြင့် နိုင်ငံခြားမှ တင်သွင်းလာသောလုပ်ထုံးလုပ်နည်းနှင့် ဖြစ်စဉ်အသစ်များအစား ယင်းတို့ ရင်းနှီးကျွမ်းဝင်နေပြီးသားဖြစ်သော ဖြစ်စဉ်၊ လုပ်ထုံးလုပ်နည်းနှင့် ပုံစံများကို အကောင်းဆုံးနားလည်နိုင်မည်ဖြစ်သည်။

## *တရားရေး စနစ်၏ တည်ဆောက်ပုံများ*

လူမှုအသိုင်းအဝိုင်းဝင် မိသားစုများ၊ တသီးပုဂ္ဂလများ၏ အခွင့်အရေးများကို ကာကွယ်ရာတွင် အယူခံတရားရေးစနစ်ကို မူလ ဓလေ့ထုံးတမ်းဥပဒေများကိုညီသော သက်သေအထောက်အထားနှင့်ပတ်သက်သည့် စည်းမျဉ်းများ နှင့် လုပ်ထုံးလုပ်နည်း ဓလေ့ထုံးတမ်းများကို စဉ်ဆက်မပြတ်ကိုးကားသည့် အနိမ့်ဆုံးအဆင့် ဒေသတွင်း ပဋိပက္ခဖြေရှင်းခြင်းမှ နိုင်ငံ၏ အမြင့်ဆုံးတရားရုံးအထိ ရှင်းလင်း၍ လွယ်ကူစွာ လက်လှမ်းမှီနိုင်စေမည့် နည်းလမ်းများကို ဖန်တီးပေးရန်အရေးကြီးပေသည်။ နိုင်ငံ၏ တရားရုံးများ၏ အချက်အခြာကျသည့် အခန်းကဏ္ဍတခုမှာ ဓလေ့ထုံးတမ်းနှင့်အညီ ဆုံးဖြတ်ချက်ချမှတ်သည့်သူများ ပင်မအခြေခံမှုများကို သေချာစွာ လိုက်နာစေရမည်ဖြစ်သည်။ ရှင်းလင်းရန်လိုအပ်သော မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှု နှစ်ရပ်မှာ (၁) လူမှု အသိုင်းအဝိုင်းအတွင်း ဖြစ်ပွားသည့် အငြင်းပွားမှု နှင့် (၂) ပြင်ပမှ အခြား လူမှုအသိုင်းအဝိုင်းများ သို့မဟုတ် အခြားအစုအဖွဲ့များ (အစိုးရ၊ စစ်တပ်၊ ကုမ္ပဏီများ စသည်တို့) နှင့်ဖြစ်ပွားသည့် အငြင်းပွားမှုတို့ ဖြစ်သည်။

> **ဒေသအဆင့် မြေယာကော်မတီများ၏ တာဝန်/ဝတ္တရားများ**
>
> - ကျေးရွာနယ်နိမိတ်များ တိုင်းထွာခြင်း
> - မှတ်တမ်းများပြုစုခြင်း
> - စာရွက်စာတမ်းများ၊ မြေဂရမ်များ ထုတ်ပေးခြင်း
> - အငြင်းပွားမှုများ ဖြေရှင်းခြင်း
> - သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေးများ စီစဉ်ချမှတ်ခြင်း
> - မြေယာ ရောင်းဝယ်၊ ပြောင်းလဲခြင်းများ အတည်ပြုခြင်း
> - စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးခြင်း

ဓလေ့ထုံးတမ်း မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို စီမံခန့်ခွဲခြင်းနှင့် ဖြေရှင်းခြင်းများ ပြုလုပ်သည့် **ဓလေ့ထုံးတမ်းအဆောက်အအုံ** ပုံစံအမျိုးမျိုးရှိကြသည်။ ယင်းတို့တွင် အမွေဆက်ခံထားသည့် ကျေးရွာခေါင်းဆောင်၊ သတ်မှတ်ထားသည့် မြေယာနှင့်ပတ်သက်၍ တာဝန်ရှိသည့် ခေါင်းဆောင်၊ ကျေးရွာကောင်စီများ၊ လူကြီးသူမများ၊ ဒေသ

အတွင်း သြဇာညောင်းသူများ၊ ဘာသာရေးခေါင်းဆောင်များတို့ ပါဝင်ကြသည်။ **နိုင်ငံတိုင်းတွင် ဓလေ့ထုံးတမ်း မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို ဓလေ့ထုံးတမ်း အဆောက်အအုံများက ဦးစွာဖြေရှင်းလေ့ရှိကြသည်**။ ဓလေ့ထုံးတမ်း အဆောက်အအုံများကို မြေယာအငြင်းပွားမှုများကို ဖြေရှင်းရန် ဟန့်တားသည့် နိုင်ငံများ မရှိသော်လည်း မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို ဓလေ့ထုံးတမ်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများတို့နှင့် လိုက်လျောညီထွေစွာ အသုံးပြုကျင့်သုံးသည့်စနစ် ဖန်တီးတည်ဆောက်ထားသည့် နိုင်ငံများ အလွန်နည်းပါးနေသေးသည်။ တန်ဇေးနီးယားနိုင်ငံတွင် ကျင့်သုံးသော အငြင်းပွားမှု ဖြေရှင်းခြင်း ဓလေ့ထုံးတမ်းတည်ဆောက်ပုံ ဥပမာကို နောက်ဆက်တွဲ (င–၅) တွင် ဖော်ပြထားသည်။

ဗဟိုချုပ်ကိုင်မှုရှိသည့် နိုင်ငံ၏ တရားရေးစနစ်ထက် ဓလေ့ထုံးတမ်း တရားရေးစနစ်၏ အားသာသော အချက်များမှာ[၆]

- တရားဝင် တရားရုံးများထက် အငြင်းပွားမှုများကို လျင်မြန်စွာ ကြားနာစစ်ဆေးနိုင်ခြင်း၊
- ဒေသခံ ပြည်သူလူထုတို့ အသုံးပြုသော ဘာသာစကားဖြင့် ကြားနာစစ်ဆေးခြင်း၊
- ဒေသတွင်း အသိအမှတ်ပြုသည့် သက်သေအထောက်အထားများနှင့် ယဉ်ကျေးမှုများကို အထူး အလေးထားခြင်း၊
- ပဋိပက္ခများကို သမိုင်းကြောင်းအရ စစ်ဆေးပြီး အိမ်နီးနားချင်းများအဖြစ် ဆက်လက်နေထိုင်သွားနိုင်ရန် အငြင်းပွားသူ နှစ်ဖက်လုံး လက်ခံသဘောတူနိုင်သော ဖြေရှင်းချက်ရယူခြင်း (တဦးကို အနိုင်၊ တဦးကို အရှုံး ဆုံးဖြတ်ပေးမည့်အစား)
- အများအားဖြင့် ကုန်ကျစရိတ်နည်းပါးပြီး တောနေ၊ မရှိဆင်းရဲသူများအတွက် ပြဋ္ဌာန်းစနစ်များထက် ပိုမိုလွယ်ကူစွာ လက်လှမ်းမှီစေနိုင်ခြင်းတို့ဖြစ်သည်။

လူမှုအသိုင်းအဝိုင်းဝင်များအတွက် ပြဋ္ဌာန်းတရားရေးစစ်နစ်မှ တရားမျှတမှုကို ဖော်ဆောင်မပေးနိုင်သည့် အခြေအနေများတွင် (အဂတိလိုက်စားမှုရှိခြင်း နှင့် အပြင်လူများ၏ သြဇာ

[၆] Knight, p.40.

လွှမ်းမိုးမှုရှိခြင်း) **တရားမျှတရေးကို ဖေါ်ဆောင်ပေးနိုင်သည့် အခြားနည်းလမ်း** ရှိနေမည်ဖြစ်သည်။ Knight မှ "မြေယာပိုင်ဆိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချမှတ်ရေး ပြဿနာများကို လေ့လာသုံးသပ်ခြင်းနှင့် ဖြေရှင်းခြင်းများ ပြုလုပ်နိုင်သည့် အထူးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းထားပါက အကျိုးရှိနိုင်ပေမည်။ ထိုစစ်ဆေးရေးအဖွဲ့တွင် **လူထုအခြေပြု အဖွဲ့အစည်းများ၊ ဓလေ့ထုံးတမ်းဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ နှင့် အစိုးရတို့ အပါအဝင် ပင်မပါဝင်ပတ်သက်သူများ၏ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားရမည်**" ဟု ဆွေးနွေးထား သည်။[၇]

အချို့နိုင်ငံများတွင် မြေယာဓလေ့ထုံးတမ်းဥပဒေများကို နိုင်ငံအစိုးရများမှ အသိအမှတ်ပြုလာစေရန် အထိရောက်ဆုံးနည်းလမ်းမှာ **'စီရင်ထုံး' သို့မဟုတ် ဆုံးဖြတ်ချက် 'မှတ်တိုင်'**ကဲ့သို့သော တရားရုံးအမှု အနိုင်ရခြင်းပင်ဖြစ်သည်။ ဆက်စပ်မှုများ စဉ်ဆက်မပြတ်တိုးများနေသည့် ယနေ့ခေတ်တွင် မတရားမှုများကို ရင်ဆိုင်ခံစားနေရသည့် ရှင်းလင်းသည့် နစ်နာသူများ/လူမှုအသိုင်းအဝိုင်းတို့အကြောင်း

> **မြေယာပိုင်ဆိုင်မှု/ဂရမ်/စာချုပ်များကို ထုတ်ဝေရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အဓိကအချက်များ**
>
> - မြေယာပိုင်ဆိုင်ခွင့်လက်မှတ် မရရှိခင်တွင် မိသားစုများ/ လူမှုအသိုင်းအဝိုင်းများ မြေယာအခွင့်အရေး ရှိသလား။
> - ဘုံပိုင် ဓလေ့ထုံးတမ်းမြေယာများကို အသိုင်းအဝိုင်းပိုင်/ အစုအဖွဲ့ပိုင်/အစည်းအရုံးပိုင်/သို့မဟုတ် အခြားပုံစံ များဖြင့် မှတ်တမ်းတင်ထားပါသလား။
> - ဘုံပိုင်မြေယာပိုင်ဆိုင်မှု/ဂရမ်/စာချုပ်များကို တသီးပုဂ္ဂလပိုင်အဖြစ် ပြောင်းလဲနိုင်ပါသလား။
> - ထိုစာချုပ်များကို မည်သည့် ရုံးဌာနများက ထုတ်ပေးရန် တာဝန်ရှိသနည်း။
> - စာချုပ်ပေါ်တွင် ဒေသခေါင်းဆောင်/ကောင်မတီ ဥက္ကဋ္ဌ တို့၏ လက်မှတ်များ ပါရှိရန် လိုအပ်ပါသလား။
> - စာချုပ်များကို သက်တမ်းတိုးရန် လိုအပ်ပါသလား။
> - မည်သည့် ဘာသာစကား (ဒေသသုံး သို့မဟုတ်/ နှင့် နိုင်ငံတော် ရုံးသုံးဘာသာစကား) ဖြင့် စာချုပ်များကို ထုတ်ဝေပေးမည်နည်း။

[၇] Ibid, p.40.

ကို အများပြည်သူတို့ သိလာ၍ ကိုယ်ချင်းစာမှုများ ရှိလာစေရန် လုပ်နိုင်သည့် အလားအလာများစွာရှိပေသည်။ သို့သော် ပို၍အရေးကြီးသည့်အချက်မှာ ထိုကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော အခြားလူများအတွက် တရားမျှတရေး ဖော်ဆောင်ရန်လမ်းကြောင်း ပိုမိုလွယ်ကူစေခြင်းဖြစ်သည်။ မလေးရှား၊ ကနေဒါ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံ တရားရုံးချုပ်များ၏ ဌာနေတိုင်းရင်းသားများအတွက် မြေယာစီမံအုပ်ချုပ်ခွင့် အခွင့်အရေးများကို အသိအမှတ်ပြုခဲ့သည့် ဆုံးဖြတ် ချက်မှတ်တိုင်များ (all under common law systems) အခြားလူမှု အသိုင်းအဝိုင်းများ တရားမျှတမှုကို ဖော်ဆောင်ရာတွင် အသုံးပြုနိုင်သည့် ဥပဒေလက်နက်များ ဖြစ်လာသည်။

# အပိုင်း ၃။ ကမ္ဘာအနှံ့တွင် မြေယာဓလေ့ထုံးတမ်းဥပဒေကို လက်တွေ့ကျင့်သုံးနေခြင်း

## *နိုင်ငံ ၈ နိုင်ငံ၏ မြေယာဓလေ့ထုံးတမ်းဥပဒေများကို နှိုင်းယှဉ်သုံးသပ်ခြင်း*

မြေယာစီမံခန့်ခွဲရေး ဓလေ့ထုံးတမ်းများကို တရားဝင် အသိအမှတ်ပြုထားသော နိုင်ငံများရှိ ယန္တရားများနှင့် ထိုစနစ်များ၏ လက်တွေ့အကောင်အထည်ဖော်ခြင်း၏ အားသာချက်နှင့် အားနည်းချက်များ၏ အနှစ်ချုပ်ကို အောက်ပါ စာမျက်နှာ ၈ မျက်နှာရှိ ဇယားများတွင် ဖော်ပြထားသည်။ ဤနိုင်ငံများကို ရွေးချယ်နှိုင်းယှဉ်သုံးသပ်ရသည့် အကြောင်းအရင်းမှာ ဤနိုင်ငံများသည် မျှတ၍ အားလုံး၏ ပူးပေါင်းပါဝင်မှုရှိသော ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးစနစ်ကို ဖော်ဆောင်ရာတွင် လွန်စွာ ကွဲပြားခြားနားသော ပုံစံများကို ကျင့်သုံးကြသည့်အတွက် ထိုပုံစံများမှ၏ မတူကွဲပြားသော အားသာချက်၊ အားနည်းချက် များကို ကိုယ်စားပြုနေသည့်အတွက်ကြောင့်ဖြစ်သည်။ နိုင်ငံတခုချင်းစီမှ ကျင့်သုံးသော ချဉ်းကပ်ပုံချဉ်းကပ်နည်းများ၏ 'အကောင်းဆုံး' အပိုင်းများ ကို ရွေးချယ်ခြင်းဖြင့် ပိုမိုကောင်းမွန်သော၊ ပိုမိုအောင်မြင်သော မြေယာဓလေ့ထုံးတမ်း ဥပဒေစနစ်များနှင့် ယန္တရားများကို တည်ဆောက်နိုင်ရန် မျှော်လင့်သည်။

ဇယား ၁ တွင် နိုင်ငံတနိုင်ငံချင်းစီတွင် ကျင့်သုံးနေသော မြေယာဓလေ့ထုံးတမ်းဥပဒေများ၏ အခြေခံကျောရိုးများ၊ အခြေခံမူများ နှင့် စီမံအုပ်ချုပ်ရေး ယန္တရားများနှင့် အောက်ပါအချက်များကို ဖော်ပြထားသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း
- ပြဋ္ဌာန်းဥပဒေနှင့် မြေယာဓလေ့ထုံးတမ်းဥပဒေတို့အကြား ဆက်စပ်မှုများ
- မြေယာပိုင်ဆိုင်မှု ပုံစံ/အမျိုးအစား (မြေယာအပြည့်ပိုင်ဆိုင်ခြင်း၊ သို့မဟုတ် မြေယာအသုံးပြုပိုင်ခွင့်)
- မည်သူတို့ မြေယာစီမံခန့်ခွဲရေးတာဝန် ရရှိသနည်း။ (မြေယာစီမံခန့်ခွဲရေးအတွက် နိုင်ငံတော်မှ မည်သူတို့နှင့် တရားဝင် ဆက်စပ်လုပ်ကိုင်သနည်း။)

- ဒေသအဆင့် မြေယာစီမံအုပ်ချုပ်ရေးအာဏာပိုင်
- အဆုံးတွင် မည်သူတို့က မြေယာများကို ပိုင်ဆိုင်သနည်း။ (တသီးပုဂ္ဂလ၊ မိသားစု၊ အသိုင်းအဝိုင်း၊ စသည်တို့)

ဇယား ၂ တွင် နိုင်ငံတနိုင်စီ၏ မြေယာခလေ့ထုံးတမ်းဥပဒေများ၏ အားသာချက်၊ အားနည်းချက်များကို တင်ပြထားသည်။ နိုင်ငံတနိုင်ငံချင်းစီနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးသင့်သည့် အကြောင်းအရာမြောက်များစွာ ရှိနေသေးသော်လည်း မြန်မာနိုင်ငံအတွင်းရှိ လူမှုအသိုင်းအဝိုင်းများကို အကျိုးပြုနိုင်မည့် ထိရောက်မှုရှိသော မြေယာစီမံခန့်ခွဲရေးစနစ်များ တည်ဆောက်ရန် ကြိုးပမ်းရာတွင် ထည့်သွင်းဆွေးနွေးသင့်သည့် ခလေ့ထုံးတမ်းဆိုင်ရာ မြေယာစီမံခန့်ခွဲရေးစနစ်အမျိုးမျိုးတို့ကို အကျဉ်းချုပ်တင်ပြထားခြင်းဖြစ်သည်။

ဇယား ၁။ နိုင်ငံ ၈ နိုင်ငံ၏ မြေယာဓလေ့ထုံးတမ်း ဥပဒေများကို နှိုင်းယှဉ်တင်ပြချက်

| ဒေသ | နိုင်ငံ | ဓလေ့ထုံးတမ်း ဥပဒေ၏ ဥပဒေရေးရာ အခြေခံ အုတ်မြစ် | မြေယာပြဌာန်း ဥပဒေနှင့် ဆက်စပ်ပုံ | ဒေသအဆင့် မြေယာ စီမံအုပ်ချုပ်ရေးအာဏာပိုင်ရုံး | မြေယာနှင့်ပတ်သက်၍ တာဝန်ရှိသူများ | မြေယာပိုင်ဆိုင်မှု အမျိုးအစား | မြေယာပိုင်ဆိုင်မှုစာချုပ် ပိုင်ဆိုင်သူ |
|---|---|---|---|---|---|---|---|
| | | *ပြဌာန်းဥပဒေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ* | *ယှဉ်ပြိုင်တည်ရှိမှု (သို့) သီးခြား သို့သော် တန်းတူညီမျှစွာ တည်ရှိသည်။* | *မြေယာကော်မတီ၊ အဖွဲ့၊ ကျေးရွာခေါင်းဆောင်၊ ကျေးရွာကော်မတီ* | *နိုင်ငံတော်၊ မြေယာ ကော်မတီ၊ လူမှုအသိုင်းအဝိုင်း၊ အဖွဲ့၊ ကုမ္ပဏီ၊ နိုင်ငံသား* | *မြေယာ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်* | *လူမှုအသိုင်းအဝိုင်း/အုပ်စု၊ တသီးပုဂ္ဂလ၊/မိ သားစု၊ နှစ်ရပ်လုံး* |
| အာဖရိက | ဘော့စဝါးနား နိုင်ငံ | ပဌာန်းဥပဒေ (ရိုးရာ မြေယာ အက်ဥပဒေ ၁၉၆၈ (၁၉၈၆၊ ၁၉၉၃ ခုနှစ်တို့တွင် ပြင်ဆင်ရေးဆွဲခဲ့သည်။) | တပိုင်းတစ ယှဉ်ပြိုင် တည်ရှိသည်။ | ပူးတွဲမြေယာ ကော်မတီ | မြေယာ ပူးတွဲ ကော်မတီများ (နိုင်ငံသားများ၏ ကိုယ်စား) | | တသီးပုဂ္ဂလများနှင့် မိသားစုများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အာဖရိက | တန်ဇေးနီးယားနိုင်ငံ | ပြဋ္ဌာန်းဥပဒေ (မြေယာ အက်ဥပဒေ – ၁၉၉၉ နှင့် ကျေးရွာ မြေယာ အက်ဥပဒေ – ၁၉၉၉) | တပိုင်းတစ ယှဉ်ပြိုင် တည်ရှိသည်။ | ကျေးရွာကောင်စီ | နိုင်ငံတော် | မြေယာ အသုံး ပြုခွင့် | နှစ်ရပ်လုံး (မြေပေါ်တွင် နေထိုင်သူ များ၏ ဓလေ့ထုံး တမ်း အခွင့် အရေး စာ ချုပ်) |
| အာဖရိက | မိုဇမ်ဘိခ် နိုင်ငံ | ၁၉၉၀ ဖွဲ့ စည်းပုံအခြေခံ ဥပဒေ၊ ၁၉၉၇ မြေယာ ဥပဒေ | သီးခြား သို့ သော် တန်းတူညီမျှ စွာ တည်ရှိ သည်။ | ခရိုင်အဆင့် မြေယာ စီမံအုပ်ချုပ်ရေး ဝန်ဆောင်မှု | နိုင်ငံတော် | မြေယာ အသုံး ပြုခွင့် | လူမှုအသိုင်း အဝိုင်း |
| ပစိဖိတ် ကျွန်း များ | ဆိုလိုမွန်ကျွန်း များ | ၁၉၇၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ မြေယာနှင့် ပိုင် ဆိုင်မှုအက်ဥပဒေ၊ ဓလေ့ထုံးတမ်းမြေ ယာမှတ်တမ်း အက်ဥပဒေ ၁၉၉၄ | သီးခြား သို့ သော် တန်းတူညီမျှ စွာ တည်ရှိ သည်။ | မြေယာအဖွဲ့ (ပူးတွဲ ပိုင်ဆိုင်မှု ရှိသည့် အများ ဆုံး အဖွဲ့ဝင် ၅ ဦး) | ကြည့်ရှုစောင့် ရှောက်သူများ (ကိုယ်စားလှယ် များ) | မြေယာ အသုံး ပြုခွင့် | လူမှုအသိုင်း အဝိုင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| တောင်အမေရိက | ဗင်နီဇွဲလား | ဗင်နီဇွဲလား ၁၉၉၉ ဖွဲ့စည်းပုံအခြေခံ ဥပဒေ | သီးခြား သို့သော် တန်းတူညီမျှစွာ တည်ရှိသည်။ | ဌာနေတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအရုံး | ဌာနေတိုင်းရင်းသား အသိုင်းအဝိုင်းများ (တရားရုံးချုပ်စီရင်ဆုံးဖြတ်ချက်) | မြေယာပိုင်ဆိုင်ခွင့် | လူမှုအသိုင်းအဝိုင်း သို့မဟုတ် လူမှုအသိုင်းအဝိုင်း အစုအဖွဲ့များ |
| အာရှ | ဖိလစ်ပိုင်နိုင်ငံ | ၁၉၈၇ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (ပုဒ်မ ၈–၅) ပြဋ္ဌာန်းဥပဒေ (ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေး အက်ဥပဒေ ၁၉၉၇ | ဥပဒေအရ သီးခြား သို့သော် တန်းတူညီမျှစွာ တည်ရှိသော်လည်း လက်တွေ့တွင် ပြဋ္ဌာန်း ဥပဒေက ပိုမြင့်သည်။ | လူမှုအသိုင်းအဝိုင်း၏ ခေါင်းဆောင်များ | လူမှုအသိုင်းအဝိုင်း (ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုများကို အသိုင်းအဝိုင်း ခေါင်းဆောင်များက စီမံခန့်ခွဲသည်။ | မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေး (တရားရုံးချုပ်၏ စီရင်ချက်) | ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု အသိုင်းအဝိုင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အာရှ | ကမ္ဘောဒီး ယားနိုင်ငံ | ပြဋ္ဌာန်းဥပဒေ (မြေယာ ဥပဒေ ၂၀၀၁)၊ ဌာနေ တိုင်းရင်းသား အသိုင်းအဝိုင်း များ၏ မြေယာ မှတ်တမ်းတင် ခြင်း လုပ် ထုံး လုပ်နည်း အမိန့် ကြေညာချက် ၂၀၀၉ | သီးခြား သို့ သော် တန်း တူညီမျှစွာ တည်ရှိသည်။ (မြေယာအမျိုး အစား သတ် မှတ်ခြင်း ၅ မျိုး ထဲမှ ၁ မျိုး) | စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်း များကို သတ်မှတ် ပြဋ္ဌာန်း ထားခြင်း မရှိသေးပေ။ | လူမှုအသိုင်းအ ဝိုင်း (ပိုင်ဆိုင်မှု စာချုပ်များထုတ် ပေးခြင်းမရှိခင် ဦးစွာမှတ်တမ်း တင်ရမည်။ | မှတ်တမ်းတင် ပြီးလျှင် ပိုင်ဆိုင် ခွင့်ရှိပြီး ထိုမ တိုင်ခင်တွင် နိုင်ငံတော်မှ ပိုင်ဆိုင်သည်။ | နှစ်ရပ်လုံး (အ စပိုင်းတွင် လူ မှုအသိုင်းအ ဝိုင်း၊ ထို့ နောက် တသီးပုဂ္ဂလ များသို့ ပြောင်းလဲနိုင် သည့် လမ်း ကြောင်းရှိ သည်။ |
| အာရှ | မလေးရှား နိုင်ငံ | ဖွဲ့စည်းပုံအခြေခံ ဥပဒေ (ပုဒ်မ ၁၆၀)၊ ပြဋ္ဌာန်း ဥပဒေ (ဆာရာဝခ် မြေ ယာ ဥပဒေ ၁၉၅၈၊ ဆာဘာမြေယာ ဥပဒေ ၁၉၃၀၊ ဆာ ဘာ မြေယာ အသုံး ပြုရေးမူဝါဒ ၂၀၁၀၊ ဌာနေတိုင်းရင်း သား အက် ဥပဒေ ၁၉၅၄) | ဥပဒေအရ သီး ခြား သို့သော် တန်းတူညီ မျှစွာ တည်ရှိသော် လည်း ဓလေ့ ထုံးတမ်း ဥပဒေ များကို အာဏာ ပိုင် များက အ ထင်သေးနေ သေးသည်ကို တွေ့ရသည်။ | ကျေးရွာ ကော်မတီများ | ဌာနေမြေယာ များကို ဓလေ့ ထုံးတမ်းအရ စီမံအုပ်ချုပ် သူများ၊ **Konsep Baru** သို့မဟုတ် 'အတွေး အခေါ် အသစ်' – မြေ ပိုင်ရှင်၊ အစိုးရ နှင့် ကုမ္ပဏီကြီး များ | မြေယာ အသုံး ပြုခွင့် | နှစ်ရပ်လုံး (တ သီးပုဂ္ဂလပိုင် မြေယာများအ ပေါင်ခံခြင်း များ ကို လက် ခံရန် တသီး ပုဂ္ဂလ များနှင့် ဘဏ်များကို အစိုးရ က အားပေး သည်။) |

**Table 2: Major Strengths and Weaknesses of eight countries' Customary Land Laws**

| ဒေသ | နိုင်ငံ | အဓိက အားသာချက်များ | အဓိက အားနည်းချက်များ |
|---|---|---|---|
| အာဖရိက | ဘော့စဝါး နားနိုင်ငံ | လူမျိုးစု မြေယာကော်မတီကို အစိုးရ ၃ ပုံ တပုံ၊ ရိုးရာခေါင်းဆောင် ၃ ပုံ ၁ ပုံ နှင့် ဒေသခံ လူထု ၃ ပုံ တပုံ တို့ဖြင့် ဖွဲ့စည်းထားသည်။ ဤစနစ် သည် တချိန်တွင် ဓလေ့ထုံးတမ်းဥပဒေများ ပြဋ္ဌာန်း ဥပဒေများဖြစ်လာစေရန် တဖြည်းဖြည်း နှင့် စွမ်း ဆောင်ခြင်းဖြင့် ဓလေ့ထုံးတမ်းဥပဒေ၏ တရားဝင် မှု များနှင့် အာဏာ ပိုင်များ၏ အသိအမှတ်ပြုမှုများ တိုးမြင့်လာစေသည်။ | လူမျိုးစု မြေယာကော်မတီသည် မူလ ဖွဲ့စည်းပုံအနေအ ထားမှ ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုရှိသည့် အနေအထားသို့ ပြောင်းလဲလာသည်။ ကော်မတီဝင်များ၏ ပညာရပ်ပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုကင်းမဲ့ခြင်းနှင့် ကော်မတီ၏လုပ ငန်းများကို ဖော်ဆောင်ရန် အသုံးပြုသည့် အချိန်တို့အတွက် လုံလောက်သည့် အကျိုးခံစား ခွင့်မရှိသည့် အတွက်ကြောင့် ဖြစ်သည်။ အချို့ကော်မတီများ၏ ရုံးစိုက်ရာ နေရာသည် ယင်းတို့ စီမံခန့်ခွဲသည့် အသိုင်းအဝိုင်းများ နှင့် အလှမ်းကွာ ဝေးနေသည်။ |
| အာဖရိက | တန်ဇေးနီး ယားနိုင်ငံ | မှတ်ပုံတင်ထားသော မြေယာများကို ရွေးကောက် တင်မြှောက်ထားခြင်းခံ ရသည့် ကျေးရွာအစိုးရမှ တရားဥပဒေနှင့်အညီ ထိန်းချုပ်၊ စီမံခန့်ခွဲသည်။ မြေယာနှင့် သစ်တောဥပဒေများကြောင့် နိုင်ငံ တော်သစ်တောများနှင့် ထိန်းသိမ်း သစ်တောများကို လူမှုအသိုင်းအဝိုင်းတို့မှ ပိုင်ဆိုင်ခွင့်ရကြသည်။ နိုင် ငံ၏ကျေးရွာ မြေယာအက်ဥပဒေအရ အမျိုးသမီး များ၏ မြေယာအသုံး ပြုခွင့်၊ ကွာရှင်းခြင်း၊ မုဆိုးမ ဖြစ်ခြင်းတို့တွင်လည်း ဆက်လက်ပိုင်ဆိုင်ခွင့် တို့ အပြင် မြေယာများကို ရောင်းချ၊ ပြောင်းလဲပိုင် ခွင့်တို့ အကာအကွယ် ပေးထားသည်။ | ဥပဒေ၏ မရှင်းမလင်းဖြစ်နေမှုကြောင့် လူမှုအသိုင်းအဝိုင်းပိုင် မြေယာများ (ကျေးရွာ နယ်မြေ၊ သို့ ကျေးရွာ မြေယာ) ကို အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲသည့် အပြင် အများ အားဖြင့် သတ်မှတ်ချက်များသည် ရှုပ်ထွေး၍ တခုနှင့်တခု ဆန့် ကျင်နေလေ့ရှိသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကောင်စီတို့ အသုံးပြု ရမည့် လျှောက်လွှာပုံစံ (၅၀) ကျော်ရှိသည်။ ဥပဒေကို ဥပဒေဘာသာရပ် အသုံး အနှုန်းများဖြင့် ရေးသားထားပြီး လုံလောက်သည့် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းများ မရှိသည့်အတွက် ဥပဒေကို အသုံးပြုရန် မလွယ်ကူပေ။ |

| | | | |
|---|---|---|---|
| အာဖရိက | မိုဇမ်ဘိခ် နိုင်ငံ | လူမှုအသိုင်းအဝိုင်းအဆင့် မြေယာပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုလိုက်သည့်အတွက် အစိုးရ၏ မြေယာစီမံအုပ်ချုပ်ရေးရုံး၏ လုပ်ငန်းတာဝန်များကို လျော့နည်းစေသည်။ အထူးသဖြင့် လူမှုအသိုင်းအဝိုင်းများ၏ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို ကန့်သတ်ထားခြင်းမရှိသည့်အပြင် ထိုအခွင့်အရေးများကို ဥပဒေအရ အပြည့်အဝ ခံစားပိုင်ခွင့်ရှိသည်။ လူမှုအသိုင်းအဝိုင်း ဝင်တို့၏ ထွက်ဆိုချက်များအပါအဝင် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်မှု သက်သေအထောက်အထားများကို ဥပဒေက အသိအမှတ်ပြုသည်။ | နိုင်ငံခြား အရင်းရှင်များနှင့် ဒေသတွင်း အရင်းရှင်များ၏ မြေယာလိုအပ်မှုများ တိုးများလာသည့်အတွက် မှတ်ပုံတင်ထားခြင်းမရှိသော မြေယာများ အသိမ်းခံရမည့် အလားအလာ ပိုမိုများပြားလာသည်။ လူမှုအသိုင်းအဝိုင်းများနှင့် ဒေသအဆင့် မြေယာစီမံ အုပ်ချုပ်ရေးရုံးများ ဥပဒေအကြောင်းကို မသိကြပေ။ အခြားပြဿနာများမှာ တောခေါင်သော နယ်မြေများတွင် မြေယာတိုင်းထွာ စစ်တမ်းကောက်ခြင်း ၏ ကုန်ကျစရိတ်မြင့်မားမှု၊ ပစ္စည်းကိရိယာ၏ အရည်အသွေး ညံ့ဖြင်းခြင်း နှင့် လုပ်နိုင်စွမ်း ကန့်သတ်မှုရှိခြင်းတို့ဖြစ်သည်။ |
| ပစိဖိတ် ကျွန်းများ | ဆိုလိုမွန် ကျွန်းများ | မြေယာများ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်ကြသည်။ မြေယာနှင့်ပတ်သက်သည့် အမှုများအတွက် "မြေယာ ဓလေ့ထုံးတမ်း တရားရုံး" များကို သီးခြား အသုံးပြုကြသည် (သာမာန် တရားရုံးများ၏ ဆုံး ဖြတ်ချက်နှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက "မြေယာ တရားရုံး" သို့ အယူခံပိုင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ မြေယာနှင့်ပတ်သက်သည့် ဓလေ့ထုံးစံများ၏ အရေးပါမှုကို အသိအမှတ်ပြုထားပြီး လက်တွေ့ကျင့်သုံးနိုင်ရန် မြေယာ ပိုင်ဆိုင်ခွင့် အက်ဥပဒေက ဖန်တီးပေးထားသည်။ | မြေယာစောင့်ရှောက်သူ ရာထူးအတွက် ရွေးကောက်တင်မြှောက်ရေး ပွင့်လင်းမြင် သာမှုမရှိ။ မြေယာဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးမည့် ဒေသအဆင့်တရားရုံးများကို နယ်မြေ ၅ နေရာတွင်သာ ရုံးတည်ထားပြီး ဘဏ္ဍာငွေမရှိသည့်အတွက်ကြောင့် လွန်ခဲ့သည့် ၂ နှစ်ကတည်းက လည်ပတ်မှုများ ရပ်တန့်ထားခဲ့သည်။ ဓလေ့ထုံးတမ်း စနစ်နှင့် ပြဋ္ဌာန်းစနစ်တို့အကြား ဆက်စပ်မှုများ မရှိသည့်အတွက် ရွာသားများအနေဖြင့် မြေယာငှားရမ်းခြင်း သို့မဟုတ် အရစ်ကျ ပေးဝယ်ခြင်းများ မလုပ်နိုင်ပေ။ |

| | | | |
|---|---|---|---|
| တောင်အမေရိက | ကော်စတာရီကာနိုင်ငံ | အခြားဥပဒေများနှင့် ဆန့်ကျင်မှုမရှိသည့် အားကောင်းသော မြေယာပိုင်ဆိုင်မှု ဓလေ့ထုံးတမ်းရှိသည်။ နိုင်ငံတော် သမတ၊ တက္ကသိုလ်များ၊ ဝန်ကြီးဌာနများ၊ ဌာနေတိုင်းရင်းသားတို့၏ ကိုယ်စားလှယ်များ ပါဝင်သော အမျိုးသား ဌာနေ တိုင်းရင်းသားများရေးရာ ကော်မရှင်၏ ဓလေ့ထုံးတမ်း အခွင့်အရေးများအပေါ် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး "ဌာနေတိုင်းရင်းသား လူနည်းစုတို့၏ အခွင့်အရေးများကို လေးစားအသိအမှတ်ပြုရန်၊ ထိုတိုင်းရင်းသားတို့၏ တသီးပုဂ္ဂလနှင့် စုပေါင်း မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးတို့ကို အာမခံပေးရန် ဖွဲ့စည်းထားသည်"။ | ဌာနေတိုင်းရင်းသားနယ်မြေအတွင်း ဖြစ်ပွားသော အငြင်းပွားမှုများသည် ပြင်ပလူများ၏ ကျူးကျော်မှုများကြောင့် ဖြစ်ပွားလေ့ရှိပြီး (ဌာနေတိုင်းရင်းသား မဟုတ်သူများ နယ်မြေပမာဏ၏ ၄၃ ရာခိုင်နှုန်းကျော်ကို ချုပ်ကိုင်ထားခြင်း)၊ တရားမဝင် သစ်ထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ် ရေကာတာများ ဆောက်လုပ်ခြင်း၊ သို့မဟုတ် အခွင့်အရေးများကို လေးစားရန် ပျက်ကွက်ခြင်းတို့ ပါဝင်သည်။ အစိုးရ ဌာနများက ဌာနေတိုင်းရင်း သားများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်း အရုံးများကို ဌာနေတိုင်းရင်းသားများကို ကိုယ်စားပြုသည့် အဆောက်အအုံအစားလူမှုအသိုင်းအဝိုင်းအဖြစ်သာ အသိအမှတ်ပြုသည်။ |
| အာရှ | ဖိလိပိုင်နိုင်ငံ | ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ အက်ဥပဒေအရ ဌာနေတိုင်း ရင်းသားများကို ထိခိုက် မည့် စီမံကိန်းများနှင့်ပတ်သက်၍ "ပြည့်စုံသော နားလည်မှုဖြင့် လွတ်လပ်သော ကြိုတင် သဘောတူညီမှု" အခွင့်အရေး ရှိသည်။ ဥပဒေမှ ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်မြေယာများ ပိုင်ဆိုင်ခွင့်၊ ကိုယ်ပိုင်အုပ် ချုပ်ခွင့်နှင့် ဓလေ့ထုံးတန်းဆိုင်ရာ ပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုသည်။ | ဌာနေတိုင်းရင်းသားများတွင် သက်သေအထောက်အထားတင်ပြရမည့် တာဝန်ကြောင့် ကုန်ကျစရိတ်မြင့်မားခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပဋိပက္ခများရှိခြင်း၊ စီရင်ခွင့်နယ်မြေ ထပ်နေခြင်း၊ လက်ရှိ ပိုင်ဆိုင်ခွင့် စာချုပ်များကို ပြောင်းလဲရန် ယန္တရားမရှိခြင်း နှင့် ဌာနေတိုင်းရင်းသားများ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များကို ထိရောက်စွာ ကာကွယ်မပေးနိုင်ခြင်းတို့ကြောင့် ပြည့်စုံစွာ လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း မရှိပေ။ |

| | | | |
|---|---|---|---|
| အာရှ | ကမ္ဘောဒီးယားနိုင်ငံ | ဌာနေတိုင်းရင်းသား မြေယာအခွင့်အရေးများကို ပြဋ္ဌာန်းဥပဒေများ၊ အမိန့်ကြေညာစာများတွင် ရှင်းလင်းစွာ အကာအကွယ်ပေးထားသည်။ | မြေယာမှတ်ပုံတင်သည့် ဖြစ်စဉ်သည် အချိန်ကြာ၍၊ ရှုံးအဆင့်ဆင့်သို့ သွားရသည်။ "ဌာနေတိုင်းရင်းသား အသိုင်းအဝိုင်း" အဖြစ် ဦးစွာမှတ်ပုံတင်ပြီးမှ "အသိုင်းအဝိုင်းပိုင် မြေယာ" ကို မှတ်ပုံတင်ရန် စတင်လျှောက်ထားရသည်။ ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သော နယ်မြေများကို အစိုးရမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများကို အကြောင်းပြု၍ စဉ်ဆက်မပြတ် သိမ်းဆည်းနေသည်။ ဌာနေတိုင်းရင်းသားပိုင် မြေယာ ၈ ခုသာ တရားဝင် မှတ်ပုံတင်ထားခြင်းခံရပြီး အစိုးရ၏ အသိအမှတ်ပြုခြင်းကို ခံရသည်။ |
| အာရှ | မလေးရှားနိုင်ငံ | ဗဟိုချုပ်ကိုင်မှုအားနည်းသော မြေယာအာဏာပိုင်များ အထူးသဖြင့် ဆာရဝခ် နှင့် ဆာဘာ။ ဒေသခံ အာဏာပိုင်များနှင့် တရားရုံးများကို ဆာရဝခ်မှ တရားဝင် အသိအမှတ်ပြုထားပြီး အသိုင်းအဝိုင်းရေးရာလုပ်ငန်းများ၊ ဒေသတွင်း တရားမျှတမှုပေါ်ဆောင်ရေးများကို ဆက်လက် စီမံအုပ်ချုပ် အကောင်အထည်ဖော်နေသည်။ ၁၉၅၀ တွင် တရားရုံးချုပ်မှ ဓလေ့ထုံးတမ်း မြေယာများကို သိမ်းဆည်းပိုင်ခွင့်မရှိဟု စီရင်ချက် ချမှတ်ခဲ့သည်။ | သစ်တော သို့မဟုတ် ထိန်းသိမ်းနယ်မြေများဟု သတ်မှတ်ထားသည့် နယ်မြေများတွင် အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ အကာအကွယ်ပေးခြင်းများ ကင်းမဲ့နေသည်။ မှတ်ပုံတင်ရေးလမ်းကြောင်းမှာ အလွန်ရှုပ်ထွေးပြီး အချိန်ကြာလှသည်။ ဓလေ့ထုံးတမ်း နယ်မြေများ၏ မြေပုံများကို ပယ်ချထားသည်။ မြေပုံပေါ်တွင် ရေးဆွဲထားခြင်းမရှိသေးသည့် နယ်မြေများရှိနေသေးသည့်အပြင် အစိုးရမှ ထိုနယ်မြေများကို ထုတ်ပြန်ခြင်းမရှိသေးပေ။ ဒေသခံ တရားရုံးများကို ဟန့်တားထားပြီး ဒေသခံခေါင်းဆောင်များမှာလည်း သစ်ခုတ်ခြင်း၊ အကြီးစားစိုက်ပျိုးရေးများနှင့် စက်မှုထွန်းကားရေးများကို မြင့်တင်သည့် နိုင်ငံရေးပါတီများကို ထောက်ခံလာကြသည်။ |

## *အကောင်းဆုံး စနစ်။ တန်ဇေးနီးယားနိုင်ငံ*

တန်ဇေးနီးယားနိုင်ငံတွင်ဓလေ့ထုံးတန်းဆိုင်ရာ အခွင့်အရေးအများကို အသိအမှတ်ပြု လေးစားခြင်းတို့ကို ဖေါ်ဆောင်ပေးသည့် အကြောင်းအရာ အချို့ရှိသည်။[8] (တန်ဇေးနီး ယားနိုင်ငံတွင် အတည်ပြုထားသည့် လမ်းညွှန်ချက်/စည်းမျဥ်းစည်းကမ်းများ၊ စီမံအုပ် ချုပ်ရေးနှင့် တရားရေးရုံးများ၏ အသေးစိတ်အချက်အလက်များကို ဤစာတမ်း၏ အဆုံး ပိုင်း နောက်ဆက်တွဲကဏ္ဍတွင် ဖေါ်ပြထားသည်။

- မြေယာပြဌာန်းဥပဒေများသည် ဓလေ့ထုံးတမ်းဥပဒေအရ မြေယာပိုင်ဆိုင်သူများကို လက်ရှိအနေအထားအတိုင်း မှတ်ပုံတင်ခွင့်ပေးထားပြီး **မြေယာများကို မှတ်ပုံတင် ခြင်းမရှိသော်လည်း** ပိုင်ဆိုင်ခွင့်အခွင့်များကို အကာကွယ်ပေးထားသည်။
- လူမှုအသိုင်းအဝိုင်းအတွင်းရှိ စျေးဆိုင်၊ အိုးအိမ်၊ မိသားစုပိုင် လယ်ယာမြေ၊ လူမှုအ သိုင်းအဝိုင်းပိုင်သစ်တော၊ စားကျက်မြေ၊ ရေထွက်၊ မြေလွတ် အစရှိသည့် **ပိုင်ဆိုင်မှု များအားလုံးကို** ဤအခွင့်အရေးများက အကာအကွယ်ပေးထားသည်။
- လူမှုအသိုင်းအဝိုင်းပိုင် မြေယာနယ်နိမိတ်ကို (ကျေးရွာမြေယာနယ်နိမိတ် "Village Land Area"-VLA) ခိုင်မာစွာ တည် ဆောက်ထားခြင်းအားဖြင့် နိုင်ငံ၏ နယ်နေ လူမှုအသိုင်းအဝိုင်းပေါင်း ၁၂၀၀၀ ကျော်တို့၏ သဘာဝအရင်းအမြစ်များကို လုံခြုံမှု ပေးနိုင်ခြင်း၊ အိမ်နီးနားချင်း ကျေးရွာများနှင့်ဆက်စပ်နေသည့် နယ်နိမိတ်များကို တိုင်းထွာသတ်မှတ်၍ မြေပုံများပေါ် တွင်ရေးဆွဲထားခြင်း နှင့် ခရိုင်အဆင့်ရုံးများ တွင် ထိုနယ်မြေများ မှတ်ပုံတင်ခြင်းကို လျှင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။
- တန်ဇေးနီးယားနိုင်ငံရှိ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ "ကျေးရွာကော်စီများ" ကို နှစ်ရှည်လများကတည်းက ရွေးကောက် တင်မြှောက်ခဲ့ကြပြီး ဒီမိုကရေစီနည်းလမ်းအရ ဖွဲ့စည်းထားသော ဤအဖွဲ့များသည် မြေယာပိုင်ဆိုင်မှု၊ မြေယာအသုံးပြုမှု စသည်တို့ နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းအပါအဝင် ကျေးရွာမြေယာ များနှင့် ပတ်သက်သည့် အရေးကိစ္စများကို ဥပဒေအရ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး အဆုံး တွင် လူမှုအသိုင်းအဝိုင်း၏ အတည်ပြုမှုကို ရယူရမည်။ တရားရုံးများမှလည်း ထို

[8] Wily (2012), pp. 13-14.

ဆုံးဖြတ်ချက်များကို လက်ခံရမည်။ ကျေးရွာမြေယာ မှတ်ပုံတင်စာရင်းမှတဆင့် မြေယာပိုင်ဆိုင်မှု စာချုပ်များကို ထိန်းချုပ်ခြင်းများလည်းပါဝင်သည်။ ပြဋ္ဌာန်းဥပဒေတွင် ရေးသားထားသည့်အတိုင်း လူမှုအသိုင်းအဝိုင်းကသာ မည့်သည့်အခြေခံပေါ်တွင် မည်သူတို့က မြေယာပိုင်ဆိုင်ခွင့်စာချုပ် ကိုင်စွဲနိုင်သည်ကို ဆုံးဖြတ်နိုင်သည်ဟု ဆိုလိုသည်။

- ခရိုင်အဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် ရုံးဌာနများမှ ကျေးရွာအဆင့် မြေယာစီမံခန့်ခွဲရေးရုံးများ၏ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးနိုင်သော်လည်း အာဏာလွှမ်းမိုး သက်ရောက်မှုမရှိပေ။
- ကျေးရွာညီလာခံမှ မြေယာမျှဝေရေး၊ အသုံးပြုရေးတို့နှင့်ပတ်သက်၍ မဲပေးဆုံးဖြတ်ကြပြီး ကျေးရွာကောင်စီ၏ လုပ်ဆောင်မှုများ၊ ဆုံးဖြတ်ချက်များကို သဘောမတူနိုင်ပါက လူမှုအသိုင်းအဝိုင်းဝင်များ (အနည်းဆုံး လူဦးရေ ၁၀၀) မှ "ကျေးရွာကောင်စီအနေဖြင့် ကျေးရွာမြေယာများကို စီမံခန့်ခွဲရာတွင် ဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် တာဝန်ဝတ္တရားများနှင့် လိုက်လျောညီထွေမှုမရှိခြင်း" စသည့် အကြောင်းများဖြင့်" ခရိုင်အဆင့်ရုံးများသို့ တန်းနိုင်သည်။
- ဘုံပိုင် ပစ္စည်းဥစ္စာများကို အထူး အကာအကွယ်ပေးထားပြီး **မည့်သည့် လူမှုအသိုင်းအဝိုင်းမှ လူမှုအသိုင်းအဝိုင်းဝင်အား လုံးပိုင်ဆိုင်သည့် ဘုံပိုင်နယ်မြေပိုင်နက်များကို သတ်မှတ်ခြင်းမရှိသေးခင်တွင် တသီးပုဂ္ဂလ သို့မဟုတ် မိသားစုများအတွက် မြေယာပိုင်ဆိုင်မှုစာချုပ် ထုတ်ပေးခြင်းများ မလုပ်ရပေ။** ဘုံပိုင် ပစ္စည်းဥစ္စာများ၏ ရှင်းလင်းချက်ကို ကျေးရွာမြေယာ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားရမည်။
- ခလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုများသည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ ပြဋ္ဌာန်းဥပဒေများ၊ ဝယ်ယူခြင်းများမှ ရရှိလာသော မြေယာပိုင်ဆိုင်မှုများနည်းတူ **ဥပဒေအရ တန်းတူညီမျှမှုနှင့် သက်ရောက်မှုရှိသည်**။
- လက်တွေ့တွင် ကျင့်သုံးခြင်းမရှိသေးသော်လည်း အသိုင်းအဝိုင်းများ သစ်တောနှင့် တောရိုင်းတိရိစ္ဆာန်များနယ်မြေ (ထိန်းသိမ်း သစ်တောများ) ဟု သတ်မှတ်ထားသည့် နယ်မြေများကို ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိရန် လျှောက်ထားနိုင်သည်။
- ခလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်များကို တသီးပုဂ္ဂလပိုင် ပစ္စည်းဥစ္စာများကဲ့သို့ ယူဆသည့်အတွက် (တသီးပုဂ္ဂလပိုင် သို့မဟုတ် အသိုင်းအဝိုင်းပိုင်ဖြစ်စေ) အစိုးရမှ ထိုမြေများကို အခြားအရေးကိစ္စများအတွက် အလိုရှိပါက လူမှုအသိုင်းအဝိုင်းထံမှ

ဈေးကွက်မြေယာတန်ဖိုးနှင့်အညီ ပေးဝယ်ရမည်ဖြစ်ပြီး မြေယာဝယ်ယူခြင်းမှ ဖြစ်ပေါ်လာသည့် နစ်နာကြေးများအတွက်လည်း အလျော်ပေးရမည်သည်။ ဤဥပဒေကြောင့် ခိုင်လုံသည့်အကြောင်းအရင်းမရှိဘဲ အစိုးရအနေဖြင့် မြေယာများ စိတ်တိုင်းကျ ပေးဝေခြင်းများကို အဟန့်အတားဖြစ်စေသည်။

## *ခလေ့ထုံးတမ်း မြေယာဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရန် စည်းရုံးလှုံ့ဆော်ရေးနှင့် စိန်ခေါ်မှုများ*

**ခလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်ရေးများ** ပြုလုပ်ရာတွင် ခလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးများကို အသိအမှတ်ပြုခြင်းအားဖြင့် ဗဟိုအစိုးရနှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများခံစားရမည့် ကောင်းကျိုးများကို အလေးထား တင်ပြသင့်သည်။

### ခလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်ခွင့်များကို ကျင့်သုံးခြင်း၏ ဗဟိုအစိုးရအတွက် အားသာချက်များ

- ဗဟိုအစိုးရ၏ မြေယာစီမံအုပ်ချုပ်ရေးဌာနများအတွက် အချိန်/ဘဏ္ဍာငွေ/ဝန်ထမ်း အကုန်အကျများ လျော့ကျစေသည်။
- နှစ်ပေါင်းများစွာကတည်းက ကျင့်သုံးလာခဲ့ပြီးသားဖြစ်သည် လက်ရှိမြေယာစီမံအုပ်ချုပ်ရေးမူဝါဒများကို အသုံးပြုခြင်း
- လူမှုအသိုင်းအဝိုင်းတို့၏ ကြိုးပမ်းမှုများကို ထောက်ခံအားပေးခြင်းအားဖြင့် နိုင်ငံရေးအရာ ထောက်ခံအားပေးမှုများ/လူမှုအသိုင်းအဝိုင်းများ၏ နားလည်မှုများကို ပိုမိုရရှိလာစေသည်။

### ခလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်ခွင့်များကို ကျင့်သုံးခြင်း၏ ဒေသခံ လူမှုအသိုင်းအဝိုင်းတို့အတွက် အားသာချက်များ

- မြေယာစီမံခန့်ခွဲရေးမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများဆိုင်ရာများနှင့် ပတ်သက်၍ ဒေသခံတို့အတွက် ဆုံးဖြတ်ချက်ပိုင်ခွင့် ပိုမိုရရှိစေခြင်း
- တချိန်တွင် မြေယာများ၊ သဘာဝအရင်းအမြစ်များအားလုံး ဆုံးရှုံးသွားနိုင်သည့်

ပြင်ပလူများသို့ မြေယာရောင်းချပေးခြင်း များကို လျော့နည်း/အဟန့်အတားဖြစ်စေသည်။

- မြေယာများနှင့် သဘာဝအရင်းအမြစ်များကို ပြင်ပလူများ၏ အန္တရာယ်များမှ အကာအကွယ်ပေးနိုင်သည့် စည်းလုံး ညီညွတ် ၍ အားကောင်းသည့် လူမှုအသိုင်းအဝိုင်းများ တည်ဆောက်လာနိုင်သည်။
- အစဉ်ပြောင်းလဲနေသော လက်တွေ့ အခြေအနေများကို ပြဋ္ဌာန်းဥပဒေများထက် ပိုမိုလွယ်ကူစွာ တုန့်ပြန်နိုင်သည်။

ခလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်ရေးများ ပြုလုပ်ရာတွင် ပြည်သူတို့ ၏ အလေ့အထများနှင့် နိုင်ငံအစိုးရ၏ ရည်ရွယ်ချက်များကို ထည့်သွင်းစဉ်းစားပြီး အဖြေရှာခြင်းအားဖြင့်–

၁။ လက်တွေ့တွင် အောင်မြင်စွာ အသုံးပြု၊ ကျင့်သုံး၊ လက်အတွေ့အကောင်အထည်ဖော်နိုင်ခြင်း၊

၂။ **ဗဟိုအစိုးရ၏** အကျိုးစီးပွားများကို မြင့်တင်ခြင်း၊

၃။ **လူမှုအသိုင်းအဝိုင်းတို့၏** အကျိုးစီးပွားများကို မြင့်တင်ခြင်း၊

၄။ **တသီးပုဂ္ဂလ/မိသားစုတို့၏** အကျိုးစီးပွားများကို မြင့်တင်ခြင်း စသည်တို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မတရားမှုများကို ခံစားနေရသည့်သူများ၏ ပူးပေါင်းပါဝင်မရှိသည့် လှုပ်ရှားမှုများကြောင့် ခလေ့ထုံးတမ်း မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများရရှိခဲ့ခြင်းမရှိသေးပေ။ အောင်မြင်ခဲ့သော စည်းရုံးလှုံ့ဆော်ရေးလှုပ်ရှားမှုများတွင် အသုံးပြုခဲ့သည့် ဗျူဟာများမှာ–

- ခလေ့ထုံးတမ်းဆိုင်ရာ မြေယာနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးများကို ထိရောက်စွာကျင့်သုံးနိုင်သည့် **နမူနာအသိုင်းအဝိုင်း**များကို ဖန်တီးကြသည်။ ဖြစ်နိုင်ပါက နာမည်ကျော်ကြားသူများကို ထိုနေရာဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာရန် စီစဉ်ကြသည်။
- ခလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းများကို မီးမောင်းထိုးပေးကြသည်။

- ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်အောက်တွင် အောင်မြင်နိုင်သည့် **စီးပွားရေးတိုးတက်မှုများနှင့် စိုက်ပျိုးရေးထုတ်လုပ်မှုများကို** ဆွေးနွေးတင်ပြကြသည်။
- ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်မှ တသီးပုဂ္ဂလများ၊ ကွန်ယက်များနှင့် အဖွဲ့အစည်းများ၏ ထောက်ခံမှုနှင့် အရင်းအမြစ်များကို ရယူကြသည်။

အများပြည်သူ ပူးပေါင်းပါဝင်မှုရှိသည့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများနှင့်ပတ်သက်သည့် စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများထဲမှ အောင်မြင်ခဲ့သည့် လှုပ်ရှားမှုနှင့် မအောင်မြင်ခဲ့သည့် လှုပ်ရှားမှု၏ နမူနာနှစ်ခုကိုအောက်ပါစာမျက်နှာရှိ အကွက်ပိုနှစ်ခုတွင် ဖေါ်ပြထားသည်။ (ဒုတိယနမူနာဖြစ်သော ထိုင်းနိုင်ငံ၏ လှုပ်ရှားမှုမှ ကြုံတွေ့ခဲ့ရသော အခက်အခဲနှင့် စိန်ခေါ်မှုများကြောင့် မြေယာအခွင့်အရေးလှုပ်ရှားမှု ပိုမိုအားကောင်းလာပြီး အခြားနည်းလမ်းဖြစ်သော မြေယာစုပေါင်း ပိုင်ဆိုင်ခွင့် အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်လာခဲ့ကြသည်။)

**လက်တွေ့အကောင်အထည်ဖေါ်ခြင်း။** မူဝါဒများ၊ ဥပဒေများကို ကောင်းမွန်စွာရေးသားအတည်ပြုထားသော်လည်း ထိုဥပဒေများမှ အကာအကွယ်ပေးထားသော အခွင့်အရေးများကို လူမှုအသိုင်းအဝိုင်းဝင်များမှ လက်တွေ့ခံစားရမည်ဟု အာမခံပေးနိုင်ခြင်း မရှိပေ။ အောက်ပါ အကွက်များတွင် ဖိလစ်ပိုင် နှင့် ကိုစတာရီကာနိုင်ငံများတွင် ကောင်းမွန်စွာ ရေးသားပြဋ္ဌာန်းထားသော မူဝါဒ၊ ဥပဒေများကို ဗဟိုအစိုးရ၊ ဌာနဆိုင်ရာများနှင့် အခြားပါဝင်ပတ်သက်သူများ အလွဲသုံးစားပြုနေကြသည့် နမူနာများ ပါဝင်သည်။

## အများပြည်သူနှင့် အကြံအဉာဏ်ရယူမှုကို ကြီးမားကျယ်ပြန့်စွာ လုပ်ဆောင်ပြီးမှ အောင်မြင်စွာ ရေးသားသော မိုဇမ်ဘိခ်နိုင်ငံ၏ မြေယာဥပဒေဆိုင်ရာ

၁၉၉၆ ခုနှစ်တွင် မိုဇမ်ဘိခ်နိုင်ငံ မြေယာဥပဒေသစ်ရေးဆွဲရန်လိုအပ်လာသောအခါ မိုဇမ်ဘိခ်နိုင်ငံ မြေယာကော်မရှင်မှ FRELIMOနှင့် RENAMO လက်ထောက်အာဏာပိုင်များ၊ ဒေသဆိုင်ရာ အဖွဲ့များ၊ ပုဂ္ဂလိကဆိုင်ရာများ၊ ပညာရပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ၊ ရိုးရာ အာဏာပိုင်များ၊ မိုဇမ်ဘိခ်လူမျိုးတို့၏ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများစသည်တို့အပါအဝင် အလွှာပေါင်းစုံမှ လူတန်းစားများအားလုံးပါဝင်ရန် ဖိတ် ကြားထားသည့် နိုင်ငံလုံးဆိုင်ရာ မြေယာညီလာခံကို ကျင်းပခဲ့သည်။ သုံးရက်တာ ကာလအတောအတွင်း ကိုယ်စားလှယ် ၂၀၀ ကျော်တို့မှ မြေယာဥပဒေသစ်နှင့်ပတ်သက်သည့် အခြေခံသဘောတရားများကို အပြန်အလှန်ဆွေးနွေးကြပြီး နှင့် ယင်း၏ လုပ်ဆောင်နိုင်မှု အကျယ်အဝန်းများကို ပုံဖော်ရေးသားကဲ့ကြသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးမှုများတွင် ပြည်သူလူထုများ ပါဝင်စေရန် ဥပဒေကြမ်းစာအုပ်များကို နိုင်ငံ၏ နေ့စဉ်ထုတ် အမျိုးသား သတင်းစာများတွင် ထုတ်ဝေဖြန့်ချိခြင်း၊ အမျိုးသား ရေဒီယိုဌာနများတွင် ဖတ်ရှုအသံလွှင့်ခြင်းများ ပြု လုပ်ခဲ့ကြသည်။ အစိုးရမဟုတ်သည့်အဖွဲ့အစည်း ၂၀၀ ကျော်၊ ဘုရားကျောင်းအစည်းအရုံးများ နှင့် အခြားအစုအဖွဲ့များမှ လုပ်အားပေး ၁၅၀၀၀ ကျော်ကို နိုင်ငံ၏ ၁၂၈ ခရိုင်အတွင်းမှ ၁၁၄ ခရိုင်ရှိ ပြည်သူတို့ထံ ဥပဒေကြမ်းပါ အကြောင်းအရာများကို ရှင်းလင်းတင်ပြနိုင်ရန် သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့သည်။ ဥပဒေကြမ်း၏ မိတ္တူများကို ပါလီမန်တွင် အခမဲ့ရာယူနိုင်ပြီး ဥပဒေ နှင့်ပတ်သက်သည့် လွှတ်တော်အတွင်း ဆွေးနွေးခြင်းများ ရပ်နားထားသည့်အချိန်များတွင် လူထုအခြေပြု အဖွဲ့အစည်းတို့၏ ကိုယ်စားလှယ်များ လွှတ်တော်အမတ်တို့နှင့် ဥပဒေပိုင်းဆိုင်ရာ အမြင်သဘောထားများကို ဆွေးနွေးတင်ပြကြသည်။ အများပြည်သူတို့အကြား အပြန်အလှန်ဆွေးနွေးမှုများကို အားပေးရန် လူထုအခြေပြုအဖွဲ့အစည်းများ၊ မြေယာနှင့်ပတ်သက်၍ လုပ်ဆောင်နေသည့် အစိုးရဝန်ထမ်းများ နှင့် နိုင်ငံတကာမှ ပညာရှင်များပါဝင်သည့် နှီးနှောဖလှယ်ပွဲများနှင့် ညီလာခံများကို ကျင်းပခဲ့ကြသည်။ ဤဆွေးနွေးပွဲများကို သတင်းမီဒီယာတို့မှ ပွင့်လင်းစွာ ထုတ်လွှင့်တင်ပြခဲ့ကြသည်။ ဤဖြစ်စဉ်တခုလုံးသည် တနိုင်ငံလုံး၏ ပိုင်ဆိုင်မှုနှင့် မိုဇမ်ဘိခ်နိုင်ငံ၏ အခြေအနေနှင့် အသင့်လျော်ဆုံးဖြစ်မည့် ဥပဒေကို လက်တွေ့အကောင်အထည် ဖော် ဆောင်ရွက်ခြင်းများကို အားပေးမြင့်တင်ခဲ့သည်။ ဥပဒေကြမ်းကို နောက် ဆုံးတွင် ပြဋ္ဌာန်းဥပဒေအဖြစ် အတည်ပြုလိုက်သောအခါ လူထုအခြေပြုအဖွဲ့အစည်းတို့မှ ထည့်သွင်းရေးသားရန် စည်းရုံးလှုံ့ဆော်ခဲ့သည့် အချက်အလက်အများစုပါဝင်နေသည်ကို တွေ့ရသည်။

## ထိုင်းနိုင်ငံ၏ ကြာရှည်၍ အောင်မြင်မှုမရှိခဲ့သော လူမှုအသိုင်းအဝိုင်းပိုင် သစ်တော ဥပဒေကြမ်း စည်းရုံးလှုံ့ဆော်ရေး

သစ်တောရေးရာဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက်တွင်ရှိသော မြေယာနယ်နိမိတ်များအတွင်း ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအသုံးပြုမှုများကို အကာအကွယ်ပေးမည့် လူမှုအသိုင်းအဝိုင်းပိုင် သစ်တော ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာ လှုပ်ရှားမှုကို ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့သည်။ အစပိုင်းကာလတွင် ထိုင်းနိုင်ငံ၏ ဥပဒေပြု လွှတ်တော်အတွင်း ပြည်သူ့ဥပဒေပြဋ္ဌာန်းနိုင်ရန် လိုအပ် သည့် လက်မှတ် ၅၀၀၀၀ ရရှိရေးအတွက် ဒေသခံကွန်ယက်များကို သန်မာအားကောင်းလာစေရန် ဆောင်ရွက်ခဲ့သည်။ လူမှုအသိုင်းအဝိုင်းများသည် ယင်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဥပဒေကြမ်းကို ပညာရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲနေချိန်တွင် နိုင်ငံရေးပါတီများနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှလည်း အခြား မူကြမ်းများကို ရေးဆွဲခဲ့ကြသည်။ နောက်ဆုံးတွင် စည်းရုံးရေးနှင့် လှုံ့ဆော်ရေးလှုပ်ရှားမှုများကြောင့် "လူမှုအသိုင်းအဝိုင်းတို့၏မူကြမ်း" ကို ၂၀၀၁ ခုနှစ်တွင် အောက်လွှတ်တော်မှ အတည်ပြုခဲ့သော်လည်း အထက်လွှတ်တော်တွင် အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။ ညှိနှိုင်းဆွေးနွေးခြင်း၊ အလွတ်သဘောဆွေးနွေးခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက်တွင် လူမှုအသိုင်းအဝိုင်း၏ သစ်တောဆိုင်ရာ 'ရေတိုက်စားထားခြင်းခံရသည့် မူကြမ်း' ကို ၂၀၀၇ ခုနှစ်တွင် အထက်လွှတ်တော်မှ အတည်ပြုခဲ့သည်။ မူလ မူကြမ်းကို ထောက်ခံခဲ့သည့်သူများ၏အဆိုအရ ပုဒ်မ ၂၅ နှင့် ၃၅ တို့သည် လူမှုအသိုင်းအဝိုင်းမှ နှစ်ပေါင်း ရာနှင့်ချီ၍ ကာကွယ်ထိန်းသိမ်းခဲ့သည့် သစ်တောများ အသုံးပြုပိုင်ခွင့်ကို ဆုံးရှုံးစေသည်။ သို့သော် နောက်ဆုံးတွင် မူကြမ်းကို တဝက်ထက်နည်းသော လွှတ်တော်အမတ်များက ထောက်ခံခဲ့သည့်အတွက် လူမှုအသိုင်းအဝိုင်းပိုင် သစ်တောများ ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှ ပယ်ချခဲ့ရာ မည်သည့် သက်ရောက်မှုမှ မရှိခဲ့ပေ။

## ဖိလစ်ပိုင်နိုင်ငံ။ စွမ်းရည်နှင့် ဆန္ဒကင်းမဲ့မှုတို့ကြောင့် မြေယာပိုင်ဆိုင်ခွင့်စာချုပ်များ ထုတ်ပေးရန် ပျက်ကွက်ခဲ့ခြင်း

ဖိလစ်ပိုင်နိုင်ငံတွင် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်မြေများကို ထိန်းသိမ်းရန်နှင့် ယဉ်ကျေးမှုနှင့်လူမှုရေးအမွေအနှစ်များကို ကာကွယ်ရန် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအက်ဥပဒေ (Indigenous Peoples' Rights Act-IPRA)ကို ကောင်းမွန်စွာ ရေးဆွဲပြဌာန်းခဲ့သည်။ ဥပဒေတွင် 'ခေတ်သစ်' နှင့် 'ရိုးရာ' စနစ်နှစ်ရပ်လုံးကို အသိအမှတ်ပြုသည့် ရှေ့ပြေး စနစ်ရှိသော်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးသည် လက်တွေ့အကောင်အထည်ဖေါ်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် မည်သည့်အောင်မြင်မှုမှ ဖေါ်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ၂၀၁၀ ခုနှစ်အထိ အစိုးရမှ ဘိုးဘွားပိုင်နယ်မြေစာချုပ်ပေါင်း ၂၅၀ သာ ထုတ်ပေးခဲ့သည်။ စာချုပ်များကို ထုတ်ပေးရန် ပျက်ကွက်ရသည့်အကြောင်းအရင်းများတွင် အဆောက်အအုံများ၏ အားနည်းခြင်း၊ တာဝန်ဝတ္တရားများကို ရှင်းလင်းစွာချမှတ်ထားမှုမရှိခြင်း၊ အကောင်အထည်ဖေါ်ရန် ရံပုံငွေမရှိခြင်းတို့ပါဝင်သည်။ IPRA နှင့် ပတ်သက်၍ အကောင်အထည်ဖေါ်နိုင်ခြင်းမရှိသည့်အကြောင်းအရင်းမှာ ရှုံးဂဏားဆန်ခြင်းနှင့် သက်သေအထောက်အထားများ ထုတ်ဖေါ်ပြရန် ဌာနေတိုင်းရင်းသားများမှ တာဝန်ရှိသည့်အတွက် စာချုပ်များ ရရှိရန် အကုန်အကျများခြင်း၊ ဆန့်ကျင်ရှုပ် ထွေးနေသော ဥပဒေများနှင့် လုပ်ပိုင်ခွင့်အာဏာများ ထပ်နေခြင်း၊ လက်ရှိစာချုပ်များကို စနစ်အသစ်သို့ပြောင်းလဲပေးမည့် ယန္တရားမရှိခြင်း၊ ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများကို စာချုပ်များမှ ထိရောက်စွာ အကာအကွယ် မပေးနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ဤအခြေအနေတွင် ရယူသင့်သည့် သင်ခန်းစာမှာ လူနည်းစုများ၏ မြေယာပိုင်ဆိုင်မှုအခွင့် အရေးများကို အကာအကွယ်ပေးနိုင်သည့် ခိုင်မာသည့်ဥပဒေမူဘောင်များကို တည်ဆောက်နိုင်သော်လည်း လက်တွေ့ ထိရောက်မှုရှိစေရန် အဆောက်အအုံ၏ စွမ်းရည်နှင့် နိုင်ငံရေးဆန္ဒတို့ လိုအပ်သည်။ ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင် ဆိုင်မှုများအတွက် ဘက်လိုက်မှုမရှိသည့် အစိုးရဌာနများ၏ အထောက်အကူ၊ လူမှုအသိုင်းအဝိုင်းဝင်များ သင့်လျော်သည့် ပိုင်ဆိုင်မှု အမျိုးအစားများကို ရွေးချယ်ခြင်း၊ မြေယာများကို စီမံခန့်ခွဲခြင်းနှင့် စစ်မှန်သည့် ဘက်ပေါင်းစုံ၏ သဘောတူညီမှုအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ပြုလုပ်နိုင်ရန် ဥပဒေရေးရာသင်တန်း နှင့် စွမ်းရေးမြင့်တင်ရေးများ ရရှိရန်လည်း လိုအပ်သည်။

## ကော်စတာရီကာနိုင်ငံ၏ ဌာနေတိုင်းရင်းသားပိုင် "ထိန်းသိမ်း" နယ်မြေများ သိမ်းယူခံနေရခြင်း

ကော်စတာရီကာနိုင်ငံတွင် ဌာနေတိုင်းရင်းသားလူမျိုးပေါင်း ၈ မျိုး၏ လူဦးရေ ၁၀၄၁၄၃ ဦးတို့သည် ဥပဒေအရ အသိအမှတ်ပြုသော ဌာနေတိုင်းရင်းသားပိုင် နယ်မြေ ၂၄ နယ်မြေတွင် အများအားဖြင့် နေထိုင်ကြသည်။ ၁၉၇၇ ဌာနေတိုင်းရင်း သားများ၏ ဥပဒေအရ ဌာနေတိုင်းရင်းသားပိုင်နယ်မြေများကို ဌာနေတိုင်းရင်းသားများထံမှ "ဖယ်ရှားခြင်းမလုပ်ရ" နှင့် "ကန့်သတ်ခြင်း မလုပ်ရ" ဟု ကန့်သတ်ထားပြီး ဌာနေတိုင်းရင်းသားမဟုတ်သူများ ထိုနယ်မြေများကို "ငှားယမ်းခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ပိုင်ဆိုင်မှုရယူခြင်းများ" မပြုလုပ်ရဟု သတ်မှတ်ထားသည်။ ဌာနေတိုင်းရင်း သားနယ်မြေ ၂၄ နယ်မြေ ၏ ၄၃ ရာခိုင်နှုန်းအပေါ်တွင် ဌာနေတိုင်းရင်းသားမဟုတ်သည့်သူများ ဥပဒေနှင့်တိုက်ရိုက် ဆန့်ကျင်ပြီး တရားမဝင် ဝင်ရောက်နေထိုင်နေကြသည်ကို တွေ့ရသည်။ ပြည်တွင်း တရားမဝင် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းများကို ဖြေရှင်းခြင်းအတွက် ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိ၊ ရံပုံငွေလုံလောက်မှုမရှိနှင့် ထိရောက်မှု မရှိကြပေ။

တရားစီရင်ရေးစနစ်နှင့် ဌာနေတိုင်းရင်းသားပိုင် နယ်မြေများကို ဝင်ရောက်ကျူးကျော်သူများ၏ ပြဿနာဖြေရှင်းခြင်း ထိရောက်သည့် အခြားနည်းလမ်းများမရှိသည့်အတွက် ထိုပြဿနာများကို ဥပဒေပြုခြင်းများမှတဆင့်ဖြေရှင်းရန် ဌာနေတိုင်းရင်းသားများ ကြိုးစားကြသည်။ ထို့ကြောင့် ၁၉၉၅ ခုနှစ်တွင် လွှတ်တော်သို့ တင်သွင်းခဲ့သော ဌာနေတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေကြမ်း "ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေကြမ်း" ကို ၇ နှစ်ကြာ မူကြမ်းရေးဆွဲ ခြင်းများပြုလုပ်ခဲ့သည်။ အားကောင်းသော ဆန့်ကျင်မှုများ၊ အချို့သည် ဌာနေတိုင်းရင်းသားနယ်မြေများအတွင်း တရားမဝင် အခြေစိုက်နေထိုင် နေသူများဖြစ်ကြပြီး အစိုးရအနေနှင့်လည်း ဥပဒေကြမ်း သည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ခြိမ်းခြောက်နေသည်ဟု ယူဆနေ သည့်အတွက်ကြောင့် ယနေ့အထိ ဥပဒေကြမ်းကို အတည်ပြုနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ၁၇ နှစ်ကျော်ကြာ ဥပဒေပြုရေး ဖြစ်စဉ်ကို အဟန့်အတားဖြစ်စေခဲ့ပြီး ယနေ့တွင် ဥပဒေတခုလုံး ထည့်သွင်းစဉ်းစားခြင်းများမှ ပယ်ထုတ်ခြင်းခံရမည့် အနေအထားရှိနေသည်။

# အပိုင်း ၄။ နိဂုံး နှင့် အကြံပြုတင်ပြချက်များ

အချုပ်အားဖြင့်ဆိုသော် ဗဟိုအစိုးရ၊ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် တသီးပုဂ္ဂလမိသားစု/လူပုဂ္ဂိုလ်တို့၏ လိုအပ်မှုများကို အောင်မြင်စွာ ချိန်ခွင်လျှာညှိပေးနိုင်ပြီး တချိန်တည်းမှာပင် ထုံးတမ်းစဉ်လာ မြေယာပိုင်ဆိုင်မှုဥပဒေများကို နိုင်ငံ၏တရား ဥပဒေ မူဘောင်အ–တွင်း သို့ အခက်အခဲမရှိ ထည့်သွင်းကျင့်သုံးခွင့်ပေးမည့် ဥပဒေများပြုစုခြင်းသည့် **လွန်–စွာ ခက်ခဲသည့် တာဝန်** ဖြစ်သည်။ နိုင်ငံတနိုင်ငံချင်းစီ၏ နောက်ခံသမိုင်းကြောင်း နှင့် မြေယာ အရေးကိစ္စများအပေါ် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများအပေါ် အခြေခံသည့် နည်းလမ်း နှင့် စနစ်များရှိကြသည်။ ‘အကောင်းဆုံး ကျင့်သုံးမှု’ များကို အရေးပါမှုအဆ–င့်အတိုင်း အောက်တွင် အစဉ်လိုက် ဖော်ပြထားသည်။

## *နိုင်ငံတော်အဆင့်*

<u>မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်း</u>

- ညှိနှိုင်းဆွေးနွေးခြင်းများ ထိရောက်စွာလုပ်ဆောင်နိုင်ရန် အစိုးရနှင့် မိမိတို့၏ လိုအပ်ချက်များ/ဆန္ဒများ/စွမ်းအားများကို သုံးသပ်လေ့လာခြင်းနှင့် အသိအမှတ်ပြုခြင်း။
- ခလေ့ထုံးတမ်းဥပဒေ၊ နိုင်ငံတော် (ပြဋ္ဌာန်း) ဥပဒေ နှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတို့ ပူးတွဲတည်ရှိနိုင်သည့် ဥပဒေရေးရာ ဗဟုဝါဒကို နားလည်၊ လက်ခံသည့် မြေယာပိုင်ဆိုင်ခွင့်စနစ်များ ပြုလုပ်ပြောင်းလဲရေးစနစ်ဖြင့် ချဉ်းကပ်ခြင်း။
- အချက်အလက်များ/အတွေ့အကြုံများမျှဝေရန်နှင့် ခလေ့ထုံးတမ်း မြေယာအခွင့်အရေး လှုပ်ရှားမှုများ ပိုမိုအားကောင်းစေရန် လူထုအစုအဖွဲ့များအကြား ကွန်ယက်များ တည်ဆောက်ခြင်း (လူမှုအသိုင်းအဝိုင်း၊ သဘာဝပတ်ဝန်းကျင်၊ လယ်သမား၊ အမျိုးသမီး နှင့် လူငယ်)၊ ဒေသခံ NGO များ၊ နိုင်ငံတကာ NGO များ၊ ပညာရှင်များ၊ ကမ္ဘာ့ကုလသမဂ္ဂဌာနခွဲများ)

ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာဥပဒေများ၏ ယန္တရားများ

- 'အသစ် တီထွင်ဖန်တီး''မည့်အစား တည်ရှိနေပြီးသား တည်ဆောက်ပုံများ/လုပ်ထုံးလုပ်နည်းများ/စည်းမျဉ်းစည်းကမ်း များအပေါ် အခြေခံ၍ ဆက်လက်တည်ဆောက်ခြင်း။
- မတူကွဲပြားမှုရှိသော ဓလေ့ထုံးတမ်းအလေ့အထများကို ထည့်သွင်းကျင့်သုံးနိုင်ရန် ပျော့ပြောင်းသည့်စနစ်ရှိပြီး တချိန်တည်းမှာပင် ပါဝင်ပတ်သက်သူများ/အရင်းရှင်များ၏ အာဏာအလွဲသုံးစားမှုများကို ကြိုတင်ဟန့်တားနိုင်သည့် ခိုင်မာသည့် စနစ်ရှိခြင်း။ စည်းမျဉ်းစည်ကမ်းများကို အသေချမှတ်ခြင်းများပြုလုပ်ခြင်းမှ ရှောင်ကျဉ်ပြီး ဓလေ့ထုံးတမ်း အလေ့အထ များကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန် ပါဝင်ပတ်သက်သူများကို ခွင့်ပြုထားခြင်း။
- မြေယာသိမ်းယူခြင်း/သိမ်းဆည်းခြင်းများကို ကာကွယ်ရန် (ရှင်းလင်း/မျှတ/ပွင့်လင်းမြင်သာမှုရှိသော အယူခံမှု ဖြစ်စဉ် အပါအဝင်) ကြိုတင်ပြင်ဆင်မှုရှိသော (တုန့်ပြန်မှု/ခေတ္တလုပ်ဆောင်မှု အစား) တည်ဆောက်ပုံများနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရန် လိုအပ်သည်။
- မြေယာစီမံအုပ်ချုပ်ရေးစနစ်များကို လူမှုအသိုင်းအဝိုင်းဝင်များ လက်လှမ်းမှီ၊ နားလည်၊ အသုံးပြုနိုင်စေရန် စီမံထားပေးရ မည်။ လက်လှမ်းမှီခြင်းများတွင် ရုံးတည်ရာနေရာ၊ ဘာသာစကားနှင့် ကုန်ကျစရိတ် စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်။

## *လူမှုအသိုင်းအဝိုင်း အဆင့်*

- လက်ရှိ မြေယာနှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေးအလေ့အထများကို မှတ်တမ်းတင်ခြင်း။
- မြေယာနှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေး အလေ့အထများကို ကျင့်သုံးနေသော စံပြ လူမှုအသိုင်းအဝိုင်းအဖြစ် ရွေးချယ်ပြီး ဓလေ့ထုံးတမ်း မြေယာဥပဒေစနစ် နမူနာများကို လေ့လာနိုင်သည့် 'လေ့လာရေး ဌာန' အဖြစ် အသုံးပြုခြင်း။
- လူမှုအသိုင်းအဝိုင်းပိုင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေး စီမံကိန်းများ ချမှတ်ခြင်း။

## မြေယာ မှတ်ပုံတင်ခြင်း

- တသီးပုဂ္ဂလပိုင် မြေကွက်များ/ပိုင်ဆိုင်မှုများ/အသုံးပြုမှုများကို သတ်မှတ်ပေးခြင်း မပြုခင် လူမှုအသိုင်းအဝိုင်းပိုင်အဖြစ် ဦးစွာ မှတ်ပုံတင်ခြင်း/တိုင်းထွာခြင်း/မြေပုံရေးဆွဲခြင်း/အသိအမှတ်ပြုခြင်း။ မှတ်တမ်းတင်ခြင်းဖြင့် မြေယာကျူးကျော်/ သိမ်းယူခြင်းများကို ကာကွယ်နိုင်မည်ဖြစ်သည်။
- အစိုးရတို့မှ မြေရိုင်းများ သို့မဟုတ် လူမှုအသိုင်းအဝိုင်း သစ်တောများအပါအဝင် "လူမှုအသိုင်းအဝိုင်းပိုင် မြေယာများ" ကို မြေလွတ်များ၊ ပိုင်ရှင်မဲ့မြေကွက်များဟု သတ်မှတ်လေ့ရှိသောကြောင့် ထိုမြေယာများကိုသေချာစွာ သတ်မှတ်ထားရန်။
- မြေယာတိုင်းထွာခြင်းနှင့်မှတ်ပုံတင်ခြင်း အဆင့်ဆင့်တို့တွင် လုပ်ထုံးလုပ်နည်းများကို သေချာစွာ ပွင့်လင်းမြင်သာစေရန် နှင့် ပူးပေါင်းပါဝင်မှုရှိစေရန်။ (မိုဇမ်ဘိခ် နိုင်ငံ၏ 'အကောင်းဆုံး နမူနာ' ကို နောက်ဆက်တွဲ (ဃ) တွင် ဖေါ်ပြထားသည်။)
- မှတ်ပုံတင်ခြင်းဖြစ်စဉ်ကို အတတ်နိုင်ဆုံး အရှင်းလင်းဆုံးနှင့် အပွင့်လင်းဆုံးဖြစ်အောင် ချမှတ်ထားရန်။

## မြေယာစီမံခန့်ခွဲရေး ဌာနများ

- မြေယာစီမံအုပ်ချုပ်ရေးဌာနများ/ကျေးရွာမြေယာကောင်စီများတို့ကို စစ်ဆေးရန် (လူမှုအသိုင်းအဝိုင်းဝင်များ၊ နိုင်ငံတော် အစိုးရနှင့် ဗဟိုအုပ်ချုပ်ရေးဌာနများအား တာဝန်ယူမှုများကို သက်သေပြရန်)စစ်ဆေးရေးစနစ်များကို ချမှတ်ထားရန်။
- ပူးတွဲမြေယာကော်မတီများ/ကျေးရွာအဆင့် မြေယာကောင်စီများတွင် ဗဟိုအစိုးရ၊ ဒေသခံအစိုးရနှင့် ဒေသခံ ပြည်သူလူထုတို့၏ ကိုယ်စားပြုမှုမျှတမှုရှိစေရန်။
- ပူးတွဲမြေယာကော်မတီများ/ကျေးရွာအဆင့် မြေယာကောင်စီများတွင် အမျိုးသမီးများနှင့် လူနည်းစုများ၏ ကိုယ်စားပြုမှု သေချာစေရန်။
- နောက်ဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ လူမှုအသိုင်းအဝိုင်းအဆင့်ဆင့်ကို ကိုယ်စားပြုသည့် တသီးပုဂ္ဂလများ/အဖွဲ့ အစည်းများ၏ လုံလောက်သည့် ထောက်ခံအားပေးမှုမရှိပါက ပြည့်စုံကောင်းမွန်စွာ စဉ်းစားထားသော၊ ပူးပေါင်းပါဝင်မှုရှိသော၊ တည်တံ့ခိုင်မြဲမှုရှိသော၊ သေချာစွာ ရေးဆွဲပြဌာန်းထားသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ နောက်ဆုံးတွင် အောင်မြင်မှုရရှိမည်မဟုတ်ပေ။

“ကော်စတာရီကာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများနှင့် ယင်းတို့၏ အခွင့်အရေးများနှင့်ပတ်သက်၍ တည်တံ့ခိုင်မြဲသော ဖြေရှင်းချက်များ လက်ရှိတွေ့ကြုံ ခံစားနေရသောအခြေအနေများသည် နိုင်ငံရေးအရ ဆန္ဒမရှိခြင်းပင်ဖြစ်သည်။ ကော်စတာရီကာနိုင်ငံ၏ ကောင်းမွန်သော လူ့အခွင့်အရေးစံချိန်များကို အရောက်စွန်းစေသည့် အခြေအနေများကို အပြည့်အဝ ဖြေရှင်းနိုင်ရန် ဥပဒေရေးရာလက်နက်နှင့် ဘဏ္ဍာရေး၊ လူသားနှင့် ပညာရပ်ပိုင်းဆိုင်ရာ အရင်းအမြစ်တို့ ပြည့်စုံစွာရှိသည်။ သို့သော် နိုင်ငံတကာ၏ ဝေဖန်မှုများ စဉ်ဆက် မပြတ်ရှိနေသော်လည်းယင်း၏ ပြဿနာများကို ဖြေရှင်းရန် ကြိုးစားခြင်းများမလုပ်သေးပေ။ ဌာနေတိုင်းရင်းသားများသည် ကောင်းမွန်သော စိတ်ရင်းသဘောထားဖြင့် နိုင်ငံအစိုးရနှင့်ပူးပေါင်း လုပ်ဆောင်ခြင်းများ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရှိသေးသည့်အတွက် ယင်းတို့၏ပြဿနာများကို နိုင်ငံ၏ ပြင်ပတွင် အဖြေရှာရန် တွန်းပို့ခြင်းခံလာကြရသည်။”[၉]

[9] Garro and MacKay, p. 51

# စာတမ်း အကိုးအကားများ

Baver J., Jonveaux B., Ju R., Kitamura K., Sharma P., Wade L., Yasui S. (2013). **Securing Livelihoods and Land Tenure in Rural Myanmar**. UN-Habitat and Columbia University, School of International and Public Affairs.

Colchester, Marcus (Ed.); MacKay, Fergus; Griffiths, Tom and Nelson, John (2001). **A Survey of Indigenous Land Tenure**. Forest Peoples Program: A Report for the Land Tenure Service of the FAO.

Cuskelly, Katrina (2011). **Customs and Constitutions: State recognition of customary law around the world**. International Union for Conservation of Nature and Natural Resources.

Deininger, Klaus and Binswanger, Hans (1999). "**The Evolution of the World Bank's Land Policy: Principles, Experience, and Future Challenges**". World Bank Research Observer, World Bank Group, vol. 14(2), pp. 247-76.

Fitzpatrick, Daniel. "**Best Practice Options for the Legal Recognition of Customary Tenure**", Development and Change 2005 36(3), pp. 449-475.

Garro, Alancay Morales and MacKay, Fergus (2014). "**Violations of Indigenous Peoples' Territorial Rights: The Example of Costa Rica**".

Hvalkof, Soren and Plant, Roger (2001). **Land titling and indigenous peoples**. Inter-American Development Bank: Sustainable Development Department Technical Papers Series. Washington, D. C.

Knight, Rachel (2010). **Statutory recognition of customary land rights in Africa: An investigation into best practices for lawmaking and implementation**. FAO Legislative Study 105. FAO. Rome.

Lesniewska, Feja; Lomax, Tom; Morel, Cynthia; Ozinga,Saskia and Janet Pritchard (2013). **Securing community land and resource rights in Africa: A guide to legal reform and Best practices**. FERN, FPP, ClientEarth and CED.

Negrao, Jose (1999). **The Land Campaign in Mozambique**.

Wily, Liz Alden (2003). "**Community-based land tenure management: Questions and answers about Tanzania's new Village Land Act, 1999**".

Wily, Alden (2012). "**The Status of Customary Land Rights in Africa Today**." Rights to Resources in Crisis: Reviewing the Fate of Customary Tenure in Africa- Brief #4 of 5. Rights and Resources Initiative (RRI).

# နောက်ဆက်တွဲများ

## *(က) လူမှုအသိုင်းအဝိုင်းနှင့် တသီးပုဂ္ဂလတို့၏ အကျိုးအမြတ်များအတွက် မြေယာဥပဒေများတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ*[10]

လူမှုအသိုင်းအဝိုင်း၏ အကျိုးအမြတ်များကို မြေယာဥပဒေမှ သေချာစွာ ဖေါ်ဆောင်နိုင်စေရန်–

၁။ လူမှုရေးဝင်ဆန့်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဘာသာရေးဆက်လက်ရှင်သန်နိုင်ရေးတို့ကို အားပေး ထောက်ပံ့ခြင်း၊

၂။ စားဝတ်နေရေးများထောက်ပံ့ရန် လူမှုအသိုင်းအဝိုင်းတို့အား မြေယာနှင့်သဘာဝအရင်းအမြစ်တို့ကို ထိန်းချုပ်ခွင့်ပေးခြင်း၊

၃။ လူမှုအသိုင်းအဝိုင်းပိုင် မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် လူမှုအသိုင်းအဝိုင်းဝင်များအားလုံး အထူးသဖြင့် လူနည်းစုများနှင့် ထိခိုက်လွယ်သူများ အပြည့်အဝပါဝင်နိုင်သည့် ဖြစ်စဉ်တခု တည်ဆောက်ခြင်း၊

၄။ လူမှုအသိုင်းအဝိုင်းပိုင် မြေယာများ အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းများ၏ စည်းမျဉ်းများကို ရှင်းလင်းစွာချမှတ်နိုင်ရန် လူမှုအသိုင်းအဝိုင်းတို့အတွက် နေရာများနှင့် ထိုစည်းမျဉ်းများကို ကျင့်သုံးရာတွင် အထောက်အကူပြုမည့် ယန္တရားများ ဖန်တီးပေးခြင်း။

၅။ လူမှုအသိုင်းအဝိုင်း၏ တည်တံ့ခိုင်မြဲသော မြေယာနှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးစနစ်များကို အထောက်အကူပြုခြင်း၊ ပျော့ပြောင်း၍ တန်းတူညီမျှမှုကို ဖေါ်ဆောင်စေခြင်း၊

၆။ မြေယာနှင့်ပတ်သက်သည့် ပဋိပက္ခများကို အောင်မြင်စွာဖြေရှင်းပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းအတွင်းနှင့် လူမှုအသိုင်းအဝိုင်းများအကြား ငြိမ်းချမ်းရေးများကို မြင့်တင်၊ ဖေါ်ဆောင်ခြင်း၊

၇။ လူမှုအသိုင်းအဝိုင်း၏ သာယာဝပြော၊ ကြွယ်ဝမှုများကို မြင့်တင်ဖေါ်ဆောင်ခြင်း၊

၈။ လူမှုအသိုင်းအဝိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း အလုပ်အကိုင်များ တိုးမြင့်ရေးနှင့် လိုအပ်သည့် အဆောက်အဦးများ တည်ဆောက်ရေးတို့အတွက် တန်းတူ

[10] Knight, p. 11-12

ညီမျှရေး၊ မျှတရေးနှင့် တရားသော နည်းလမ်းများဖြင့် နယ်မြေအတွင်း ရင်းနှီးမြုပ်နှံမှုများနှင့် ရံပုံငွေရှာဖွေခြင်းများကို ကြိုဆိုနိုင်ရန် လူမှုအသိုင်းအဝိုင်းတို့အား အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည့်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

တသီးပုဂ္ဂလတို့၏ အကျိုးအမြတ်များကို မြင့်တင်ရန်နှင့် လူမှုအသိုင်းအဝိုင်းဝင်အားလုံး၏ တန်းတူညီသော အခွင့်အလမ်း များကို မြင့်တင်ရန် မြေယာဥပဒေမှ–

၁။ တသီးပုဂ္ဂလနှင့်မိသားစုတို့၏ မြေယာပိုင်ဆိုင်မှု လုံခြုံရေးများကို အာမခံပေးခြင်း၊

၂။ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မုဆိုးဖို/မများ၊ ကလေးသူငယ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ဌာနေတိုင်းရင်း သားများနှင့် အခြား ပယ်ကျဉ်ခြင်းခံထားရသော လူစုများတို့၏ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများကို ချမှတ်၊ ကျင့်သုံးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းဝင်အားလုံး မြေယာနှင့်သဘာဝအရင်းအမြစ်များ တန်းတူညီမျှစွာ အသုံးပြုပိုင်ခွင့်ကို သေချာစေခြင်း၊

၃။ မြေယာတန်ဖိုးမြင့်တင်ရန် အကောင်းဆုံးနည်းလမ်းဟု မိသားစုတို့မှ ယူဆသည့် နည်းလမ်းများကို အသုံးပြုခွင့်ပေးထား ခြင်းဖြင့် မိသားစုတို့၏ သာယာဝပြောရေး အလားအလာကို မြင့်တင်ပေးခြင်း၊

၄။ ပိုမိုသြဇာညောင်းသော လူမှုအသိုင်းအဝိုင်းဝင်မှ အားနည်းသော အသိုင်းအဝိုင်းဝင်အပေါ် သို့မဟုတ် မိသားစုဝင် တယောက မှ အခြားမိသားစုဝင်များကို အသိပေးခြင်းမရှိဘဲ ကျူးလွန်သော မြေယာသိမ်းယူခြင်း၊ အတင်းအဓမ္မ ပိုင်ဆိုင်မှုရယူခြင်း သို့မဟုတ် တရားမျှတမှုလုံးဝမရှိသော စာချုပ်များကို လက်မှတ်ရေးထိုးခြင်းများမှ အကာအကွယ်ပေးခြင်း၊

၅။ မိသားစု၏ လိုအပ်မှုများနှင့်အညီ မြေယာများကို ငှားယမ်းပိုင်ခွင့်၊ ပြောင်းလဲပိုင်ခွင့် သို့မဟုတ် ရောင်းချပိုင်ခွင့်တို့ကို ပိုမို လွတ်လပ်မှုများပေးခြင်း၊

၆။ မိသားစုနှင့် တသီးပုဂ္ဂလတို့အား ဘုံပိုင်မြေယာများကို ရည်ရွယ် ဝင်ရောက်ခွင့်၊ အသုံးပြုခွင့်ပေးထားခြင်း၊

၇။ အိမ်နီးနားချင်းများအကြား မြေယာနှင့်ပတ်သက်သည့် ပဋိပက္ခများကို လျော့ကျစေခြင်း၊

၈။ ဖြစ်နိုင်လျှင် သို့မဟုတ် လိုအပ်လျှင် စိုက်ပျိုးရေးခလေ့များကို ပြောင်းလဲခြင်းများအပါအဝင် ထုတ်လုပ်မှုများ တိုးချဲ့ခြင်းများ ကို တိုးမြင့်စေခြင်း

၉။ မိသားစုအတွင်းနှင့် မိသားစုများအကြား ဆက်စပ်မှုများ၊ ပူးပေါင်းမှုများနှင့် လူမှုအသိုင်းအဝိုင်းဝင်စိတ်ဓါတ်များ မြင့်တင်ခြင်းတို့ ပါဝင်ရန် လိုအပ်သည်။

## *(ခ) မည်သည့်အနေအထားတွင် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးဥပဒေသည် 'ဥပဒေကောင်း' ဖြစ်သနည်း။*[၁၁]

ဓလေ့ထုံးတမ်း မြေယာဥပဒေများကို နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေများတွင် လေးစားအသိအမှတ်ပြုထားသည် အကယ်၍–

- ဓလေ့ထုံးတမ်းမြေယာများကို တသီးပုဂ္ဂလ ပိုင်ဆိုင်မှုကဲ့သို့ လက်ခံထားပြီး ပိုင်ဆိုင်မှုများကို ဓလေ့ထုံးတမ်းမဟုတ်သော နည်းလမ်းဖြင့် (အများအားဖြင့် ပြဋ္ဌာန်းဥပဒေများအတိုင်း) ရယူထားသော မြေယာများနည်းတူ မှတ်ယူခြင်း၊
- ပိုင်ဆိုင်မှုများကို ဓလေ့ထုံးတမ်းမဟုတ်သော ပိုင်ဆိုင်မှုသို့ ဦးစွာပြောင်းလဲရန် မလိုအပ်ဘဲ စာချုပ် သို့မဟုတ် မှတ်ပုံတင်ခြင်းများ ပြုလုပ်နိုင်ခြင်း၊
- တရားဝင်စာချုပ်များ သို့မဟုတ် မှတ်ပုံတင်ခြင်းများမရှိသော်လည်း အစိုးရနှင့် တရားရုံးတို့မှ တသီးပုဂ္ဂလပိုင်ဆိုင်မှုများအဖြစ် ယူဆခြင်း၊
- တသီးပုဂ္ဂလများအတွက်တင်မကဘဲ မိသားစု၊ လင်မယား၊ အစုအဖွဲ့ သို့မဟုတ် လူမှုအသိုင်းအဝိုင်း၏ ပိုင်ဆိုင်မှုများကိုလည်း တန်းတူညီမျှစွာ လေးစားအသိအမှတ်ပြုခြင်း၊
- ရာသီအလိုက် စားကျက်အဖြစ် အသုံးပြုပိုင်ခွင့် အပါအဝင် အခွင့်အရေးစုများကို ဥပဒေမှ နားလည်မှုပေးထားခြင်း၊
- စိုက်ပျိုးခြင်း၊ အခြေစိုက်နေထိုင်ခြင်းများမရှိသော သစ်တော၊ စားကျက်မြေနှင့် ရေစိုမြေတို့ကို လေးစားအသိအမှတ်ပြုခြင်း၊
- အခွင့်အရေးများတွင် သစ်ပင်များ၊ တောရိုင်းတိရိစ္ဆာန်များ ကဲ့သို့သော မြေပေါ်သယံဇာတများအပြင် ဒေသတွင်း မြစ်ချောင်း၊ ရေကန်များ၊ ပင်လယ်ကမ်းခြေများ၊ ရိုးရာဓလေ့အတိုင်း နှစ်ပေါင်းများစွာ တူးဖေါ်ယူခဲ့သည့် မြေလွှာအတွင်းရှိ သယံဇာ တများ

[11] Wily (2012), p. 2-3.

(ဥပမာ– သံနှင့် ရွှေ) တို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများတွင် ပါဝင်သည်ဟု အသိအမှတ်ပြုထားခြင်း၊

- ဓလေ့ထုံးတမ်းမဟုတ်သော၊ စီးပွားဖြစ် ရင်းနှီးမြှုပ်နှံမှုများအတွက် ရည်ရွယ်၍ မြေယာပိုင်ဆိုင်မှုများရရှိရန် ကြိုးစားများထက် ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုများကို ပိုမိုဦးစားပေးအလေးထားခြင်း၊
- လူမှုအသိုင်းအဝိုင်းအပေါ် အခြေခံ၍ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းထားသော မြေယာစီမံအုပ်ချုပ်ရေးတို့ အောင်မြင်မှု
- ရရှိရန်နှင့် စည်းမျဉ်းစည်းကမ်းများကို မျှတစွာကျင့်သုံးနိုင်ရန် လိုအပ်သည့် ဥပဒေရေးရာ အထောက်အကူဟု အသိအမှတ်ပြုထားခြင်း၊
- စည်းနှောင်မှုရှိသော ဆုံးဖြတ်ချက်များနှင့် တရားမျှတမှုရှိသော ဓလေ့ထုံးတမ်းကျင့်ဝတ်များအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်မှုများကို ဖေါ်ဆောင်သည့် ဒေသတွင်း မြေယာပဋိပက္ခများဖြေရှင်းရေးအဖွဲ့မှ အထောက်အကူပြုခြင်း၊
- လူမှုအသိုင်းအဝိုင်းဝင်များ (ဥပမာ–ဘက်လိုက်မှုများ) သို့မဟုတ် အမျိုးသမီး၊ မိဘမဲ့၊ မသန်မစွမ်း၊ မုဆိုးများ၊ နွားကျောင်း သားများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ကျွန်ပြုခြင်းခံခဲ့ရဖူးသူများ ကဲ့သို့သော အားနွဲ့သူများတို့အပေါ် သက်ရောက်မှုရှိသည့် တရားမျှတမှုမရှိသောသော ဓလေ့ထုံးတမ်းများကို ကန့်သတ်ထားခြင်း၊
- အများပြည်သူအကျိုးအတွက် မြေယာသိမ်းဆည်းခြင်းများတွင် ပြဋ္ဌာန်းဥပဒေအရ ပိုင်ဆိုင်သောမြေယာများနည်းတူ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သော မြေယာများကို တန်းတူညီမျှစွာမှတ်ယူပြီး မျှတသော လျော်ကြေးများ သတ်မှတ်ပေးခြင်း၊
- သစ်တောနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းနယ်မြေများ နှင့် ဓလေ့ထုံးတမ်းမြေယာများ ထပ်တူနေလေ့ရှိသည်ကို အသိအမှတ်ပြုခြင်းဖြင့် ထိုနယ်မြေများပိုင်ဆိုင်ခွင့်နှင့် ထိန်းသိမ်းခွင့်များကို မျှတစွာ ဆုံးဖြတ်နိုင်စေမည့် နည်းလမ်းပေးခြင်း။
- ဥပဒေပါ ပုဒ်မများကို အာဏာပိုင်များ၊ တရားရုံးများနှင့် အထူးသဖြင့် ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်သူများ လွယ်ကူစွာ နားလည်စေရန် ရေးသားထားရမည်။

## (ဂ) ထိုင်းနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းပိုင် မြေယာစီမံခန့်ခွဲရေး စည်းမျဉ်းစည်းကမ်းများ၏ ဥပမာ

ရိုင့်ဒေါင်ရွာ၏ မြေယာစည်းမျဉ်းစည်းကမ်း[12] (လမ်းဖွန်း ခရိုင်)

၁။ ကော်မတီ (လူမှုအသိုင်းအဝိုင်း မြေယာကော်မတီ) သည် ရွာသူရွာသားများထံမှ ကောက်ယူသော ငွေကြေးများ၏ ဝင်ငွေ၊ ထွက်ငွေများ၏စာရင်းပြုစုရမည်။

၂။ ကော်မတီဝင်တဦးမှ လာဘ်စားမှုများကျူးလွန်ပါက ထိုကော်မတီဝင်၏မြေယာများ သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး မြေယာ ပိုင်ဆိုင်ခွင့်များကို ရုပ်သိမ်းခံရမည်ဖြစ်သည်။

၃။ ကော်မတီမှရွာသူရွာသားများကို စုရုံး၍ အာဏာပိုင်များနှင့် ဆက်စပ်လုပ်ကိုင်ရမည်။

၄။ ကော်မတီဝင်များနှင့် အထွေထွေအဖွဲ့ဝင်များ လှုပ်ရှားမှုတိုင်းတွင် ပူးပေါင်းပါဝင်ရမည်ဖြစ်ပြီး ဘုံရံပုံငွေအတွက် အကောက်ခွန်များ ပုံမှန်ပေးရမည်။

၅။ မိသားစုဝင်မဟုတ်သော အပြင်လူများကို မြေယာပေါ်တွင် လုပ်ကိုင်ရန် ငှားရမ်းခြင်းများကို ပိတ်ပင်ထားသည်။ တတိယလူ ၏ အမည်ဖြင့် မြေယာကို အသုံးပြုခြင်းများကို ပိတ်ပင်ထားသည်။ ဤစည်းမျဉ်းစည်းကမ်းများကို ချိုးဖေါက်ပါက မြေယာ သိမ်းဆည်းခြင်းများ ခံရမည်။

၆။ ကော်မတီဝင်များနှင့် အထွေထွေအဖွဲ့ဝင်များအနေဖြင့် လှုပ်ရှားမှုများ၊ အခန်းအနားများကို မတက်ရောက်နိုင်ပါက ခိုင်လုံသော အကြောင်းအရင်းများကို ကော်မတီသို့တင်ပြ၍ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၇။ ကော်မတီဝင်များနှင့် အထွေထွေအဖွဲ့ဝင်များအနေဖြင့် လှုပ်ရှားမှုများ၊ အခန်းအနားများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မတက်ရောက်နိုင်ပါက ဒါဏ်ငွေ ၁၅၀ ဘတ် ဆောင်ရမည်ဖြစ်ပြီး ထိုဒါဏ်ငွေကို ဘုံရံပုံငွေတွင် ထည့်သွင်းရမည်။

၈။ ကော်မတီ၏ ခွင့်ပြုချက်မရဘဲ မြေယာများ ဝယ်ယူ၊ ရောင်းချခြင်းများ မပြုလုပ်ရ။ ဤစည်းကမ်းကို မလိုက်နာပါက မြေယာ သိမ်းဆည်းခံရမည်ဖြစ်ပြီး ထိုမြေကွက်ကို ဘုံပိုင်မြေအဖြစ် သတ်မှတ်ရမည်။

[12] Rai Dong village is a community which took over private illegally owned land and distributed it to poor and landless families in November 2000.

၉။ အကယ်၍ တသီးပုဂ္ဂလတဦးမှ မြေယာရောင်းချရန် ခိုင်လုံသည့်အကြောင်းပြချက်ရှိပါက ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အခြား ရိုင့်ဒေါင်ရွာသားတဦးထံ ရောင်းချပေးနိုင်သည်။

၁၀။ မိသားစုတစုတွင် မြေကွက်တကွက်သာ ရယူပိုင်ဆိုင်ခွင့်ရှိသည်။

၁၁။ အိမ်ထောင်စုတစုတွင် မိသားစု တစုထက်ပိုရှိနေပြီး၊ မရှိဆင်းရဲသော မိသားစုဖြစ်နေပါက ထိုအိမ်ထောင်စုအတွင်းရှိ မိသားစုတို့ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြေကွက်တကွက်စီ ရယူပိုင်ဆိုင်ခွင့်ရှိသည်။

(လူမှုအသိုင်းအဝိုင်းမှ နိုဝင်ဘာလ ၉ ရက်နေ့ ၂၀၀၀ ခုနှစ်တွင် ဤစည်းမျဉ်းစည်းကမ်းကို အတည်ပြုခဲ့သည်။)

ဤမြေယာများကို ဝေစုချမှတ်ခြင်း၊ စိုက်ပျိုးရေးလုပ်ခြင်းများ ပြုလုပ်ရသည့် အကြောင်းအရင်းများမှာ–

- ရွာသူရွာသားများသည် ဆင်းရင်းနွမ်းပါးကြပြီး ယင်းတို့တွင် လုပ်ကိုင်စိုက်ပျိုးစားသောက်ရန် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ သို့မဟုတ် လုံလောက်သော မြေယာပိုင်ဆိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်။
- မြေယာကို တရားဝင်ပိုင်ဆိုင်သူ မရှိ။ ထိုမြေယာပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်နေခြင်းမရှိဘဲ မြေလွတ်ဖြစ်နေသည်။

## *(ဃ) မိုဇမ်ဘိခ်နိုင်ငံ၏ လူမှုအသိုင်းအဝိုင်းပိုင် မြေယာများတိုင်းထွာခြင်း၊ မှတ်ပုံတင်ခြင်းနှင့် စာချုပ်ထုတ် ပေးခြင်း ချဉ်းကပ်ပုံချဉ်းကပ်နည်း*[၁၃]

မိုဇမ်ဘိခ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများကို မည့်သို့ လက်တွေ့အကောင်အထည်ဖေါ်မည်ကိုမြေယာဥပဒေတွင် ဖေါ်ပြထားသည်မှာ– *နယ်မြေအတွင်းတွင် ဝင်ရောက်နေထိုင်ခြင်းဖြင့် ခလေ့ထုံးတမ်းအလေ့အထများအရရရှိလာသော မြေယာအသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်များကို လိုအပ်ပါက သို့မဟုတ် ဒေသခံအသိုင်းအဝိုင်းများမှ တောင်းဆို*

[13] Lesniewska et. al., p. 47-49.

*လာပါက ထိုနယ်မြေများ၏ စာရင်းကို အမျိုးသား မြေယာ စာရင်းတွင် မှတ်သား၊ မှတ်တမ်းတင်ထားရမည်။* (မြေယာဥပဒေ စည်းမျဉ်းစည်းကမ်း၊ ပုဒ်မ ၉–၃)။ မြေယာနယ်နိမိတ်တိုင်းထွာ၍၊ စာချုပ်ထုတ်ပေးခြင်းများမပြုခင် လူမှုအသိုင်းအဝိုင်းမှ လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို မြေယာဥပဒေ၏ အသေးစိတ်လမ်းညွှန်ချက်အပိုင်းတွင် ပြဋ္ဌာန်းထားသည်။ (အသေးစိတ်လမ်းညွှန်ချက်၊ ပုဒ်မ ၅–၁)။

မြေယာတိုင်းထွာခြင်းအဆင့်ဆင့်တွင် ဆက်စပ်လုပ်ကိုင်ရန်နှင့် ဦးစီးဦးဆောင်ရန် ***ပထမဦးစွာအကြံပေး 'အလုပ်အဖွဲ့ ' ကို ဖွဲ့စည်းရမည်***။ အလုပ်အဖွဲ့တွင် 'မြေယာတည်ဆောက်ပုံများကို ကျွမ်းကျင်သူ၊ မြေယာစာရင်းပါ အချက်အလက်များကို ရရှိထားသူ' ပါဝင်ရမည် (အသေးစိတ်လမ်းညွှန်ချက်၊ ပုဒ်မ ၁၁ (၂) ။ ထို့အပြင် မြေယာတိုင်းထွာခြင်းများကို မျှတ၊ တရားစွာ နှင့် လူမှုအသိုင်းအဝိုင်းအခုလုံး၏ ကိုယ်စားပြုမှုများရှိစေရန် အလုပ်အဖွဲ့အနေဖြင့် 'လူမှုအသိုင်းအဝိုင်းအတွင်းရှိ စီးပွားရေး၊ လူမှုရေး အဆင့်ဆင့်မှ အသက်အရွယ် အမျိုးမျိုးသော အမျိုးသား၊ အမျိုးသမီးများအားလုံး' လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင်လည်း 'အားလုံး၏ သဘောတူညီမှု' ကို ရယူရမည်ဖြစ်သည် (အသေးစိတ်လမ်း ညွှန်ချက်၊ ပုဒ်မ ၅–၂)။

မြေယာတိုင်းထွာခြင်း၏ အကြောင်းအရင်းနှင့်ရည်ရွယ်ချက်များ၊ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ မြေယာတိုင်းထွာခြင်းနည်းလမ်းများနှင့် မြေယာတိုင်းထွာခြင်း၏ အားသာချက်နှင့်အကျိုးသက်ရောက်မှုများအပါအဝင် ***ဒုတိယအနေဖြင့် အလုပ်အဖွဲ့မှ လူမှုအသိုင်းအဝိုင်းအား မြေယာထိုင်းထွာခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပညာပေးရန်နှင့် အချက်အလက်များ မျှဝေရန် အစည်းအဝေးကျင်းပခြင်းများ ပြုလုပ်ရမည်*** (အသေးစိတ်လမ်းညွှန်ချက်၊ ပုဒ်မ ၈–၁)။ အစည်းအဝေးများကို မြေယာတိုင်းထွာခြင်းဖြစ်စဉ်တွင် တိုက်ရိုက်ပါဝင်မည့် ***လူမှုအသိုင်းအဝိုင်း၏ ကိုယ်စားလှယ်တဦး ရွေးကောက်တင်မြှောက်ခြင်းဖြင့်*** အဆုံးသပ်ရမည်။ မြေယာတိုင်းထွာစာရင်းပြုစုခြင်းနှင့်ပတ်သက်သည့် လူမှုအသိုင်းအဝိုင်း အစည်းအဝေးများ၏ ဆွေးနွေးချက် မှတ်တမ်းများကို ထိုကိုယ်စားလှယ်များမှ လက်မှတ်ရေးထိုး အတည်ပြုရမည်။

***တတိယအနေဖြင့် လူမှုအသိုင်းအဝိုင်းမှ ပူးပေါင်းပါဝင်သည့် ဆင်ချင်သုံးသပ်ခြင်းနှင့် မြေပုံရေးဆွဲခြင်းဖြစ်စဉ်ကို လုပ်ဆောင်ရမည်။*** ပူးပေါင်းပါဝင်မှုရှိသည့် ဆင်ချင်းသုံးသပ်ခြင်းကို အသေးစိတ်လမ်းညွှန်ချက်တွင် အောက်ပါအချက်အလက်များနှင့်ပတ် သက်သည့် ‘ဒေသခံအသိုင်းအဝိုင်းများမှ မျှဝေသော အချက်အလက်’ များဟု အဓိပ္ပါယ်ဖွင့် ဆိုထားသည်။

- လူမှုအသိုင်းအဝိုင်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု နှင့် လူမှုရေးအဖွဲ့အစည်း၊
- မြေယာနှင့်သဘာဝအရင်းအမြစ်များကို အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း ယန္တရားများ၊
- အခြေချနေထိုင်ခြင်းနှင့် လူဦးရေတို့၏ အနေအထား နှင့်
- ဖြစ်နိုင်ချေရှိသည့် ပဋိပက္ခများနှင့် ဖြေရှင်းရန် ယန္တရားများ (အသေးစိတ်လမ်းညွှန်ချက်၊ ပုဒ်မ ၂–၆ နှင့် ၁၀–၁)။

မြေယာတိုင်းထွာခြင်းအဆင့်တွင် လူမှုအသိုင်းအဝိုင်းဝင်များကို ပူးပေါင်းပါဝင်စေခြင်းသည် အသိုင်းအဝိုင်း၏ သမိုင်းကြောင်း၊ လူမှုအဖွဲ့အစည်းများ၊ လက်ရှိ မြေယာနှင့်သဘာဝ အရင်းအမြစ်များကို အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း စသည်တို့ကို အချင်းချင်း အကြား အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်စေရန် ရည်ရွယ်သည်။ တွေးတောဆင်ချင်ခြင်း နှင့်အပြန်အလှန် ဆွေးနွေးခြင်းတို့ဖြင့် လူမှုအသိုင်းအဝိုင်း၏ ‘ပူးပေါင်းပါဝင်မှုရှိသော မြေပုံ’ များကို ရေးဆွဲကြသည်။ အနည်းဆုံး လူမှုအသိုင်းအဝိုင်း၏ အဖွဲ့ခွဲများမှ ရေးဆွဲသည့် မြေပုံ ၂ ခု၊ အမျိုးသားများ ရေဆွဲသည့်မြေပုံတခုနှင့် အမျိုးသမီးသမီးတို့၏ စိတ်ဝင်စားမှုများ၊ အမြင်သဘောထားများကို ရောင်ပြန်ဟပ်စေသည့် အမျိုးသမီးများကိုယ်တိုင် ရေးဆွဲသည့် မြေပုံတခု တို့ပါဝင်ရမည်၊ ပူးပေါင်းပါဝင်မှုရှိသည် မြေပုံကို ဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ *လူမှုအသိုင်းအဝိုင်း၏ စိတ်ဝင်စားမှု ကွဲပြားသည့် အမျိုးသား၊ အမျိုးသမီး၊ လူငယ်၊ သက်ကြီးရွယ်အိုနှင့် အခြား အစုအဖွဲ့တို့မှ ပုံဖော်ရေးဆွဲထားသော မြေပုံများသည် သဘာဝ သို့မဟုတ် လူသားတို့မှ ဖန်တီးထားသော မှတ်ကျောက်များကို နယ်နိမိတ်များအဖြစ် သတ်မှတ်ခြင်း၊ သဘာဝအရင်းအမြစ်ရှိသော နယ်မြေများကို ဖော်ထုတ်ခြင်း၊ သဘာဝအရင်းအမြစ်နှင့်ပတ်သက်သည့် ပဋိပက္ခများ ဖြစ်ပွားသည့်နေရာ သို့မဟုတ် အခြားနယ်နိမိတ်များနှင့် သက်ဆိုင်ရာ အမှတ်အသားများကို ရေးသားပုံဖော်ထားသည်။* (အသေးစိတ် လမ်းညွှန်ချက်၊ ပုဒ်မ ၂–၈)။ သဘာဝမှ ဖန်တီးထားသော

အမှတ်အသားများကို အသုံးပြု၍ လူမှုအသိုင်းအဝိုင်း၏ နယ်နိမိတ်ကို သတ်မှတ်ခွင့်ပြုခြင်းဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ အမှတ်အသားများကို ဥပဒေမှ တရားဝင်အသိအမှတ်ပြုသည်။ အိမ်နီးနားချင်း အသိုင်းအဝိုင်းများမှ မြေပုံမှန်ကန်မှုရှိ/မရှိ စစ်ဆေးအတည်ပြုခြင်းနှင့် အနီးပတ်ဝန်းကျင်ရှိ မြေယာများကို ပုံဖော်ရှင်းပြခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။ (အသေး စိတ်လမ်းညွှန်ချက်၊ ပုဒ်မ ၅–၃)။

ပူးပေါင်းပါဝင်မှုရှိသည့် မြေပုံပေါ်တွင် ထည့်သွင်းရေးဆွဲထားပြီး မြေယာများပေါ်တွင် ချမှတ်ထားသော အမှတ်အသားများ၏ ***နယ်နိမိတ်များကို စတုတ္ထတွင် ပါဝင်ပါတ်သက်သူများအားလုံး သဘောတူညီကြသည်***။

***ပဉ္စမအဆင့်တွင်*** အစိုးရဝန်ထမ်းတို့မှ မြေပုံ ၂ ပုံနှင့်အထက်တို့ကို 'မြေပုံမူကြမ်း' နှင့် 'ရှင်းလင်းချက်မှတ်တမ်း' တို့နှင့်တကွ ကွန်ပြူတာစနစ်တွင် ထည့်သွင်းသည်။ မြေပုံမူကြမ်းတွင် လူမှုအသိုင်းအဝိုင်းမှ ရေးဆွဲထားသည့် မြေပုံဖြစ်ပြီး ပထဝီ ကိုးကားချက်များနှင့် နယ်နိမိတ်သတ်မှတ်ချက်တို့ပါဝင်သည်။ 'ရှင်းလင်းချက်မှတ်တမ်း'တွင် လူမှုအသိုင်းအဝိုင်းဝင်များ ပူးပေါင်းပါဝင်သည့် လုပ်ရှားမှုများမှ အချက်အလက်များအပြင် လူမှုအသိုင်းအဝိုင်း၏ တည်ဆောက်ပုံ၊ သမိုင်းကြောင်း၊ အသိုင်းအဝိုင်း၏ သဘာဝအရင်းအမြစ်အသေးစိတ်များ၊ ဘုံပိုင်မြေယာများ၊ မြင့်မြတ်သောနေရာများနှင့် အခြား လူမှုအသိုင်းအဝိုင်း၏ အရေးပါသော အဆောက်အအုံများနှင့် လူမှုအသိုင်းအဝိုင်း၏ သက်ဆိုင်ရာမြေယာနှင့်သဘာဝအရင်း အမြစ် စီမံခန့်ခွဲရေးအလေ့အထများနှင့် အခြား အချက်အလက်များ ပါဝင်သည်။

***နောက်ဆုံးတွင် မြေပုံမူကြမ်းနှင့် ရှင်းလင်းချက်မှတ်တမ်းတို့ကို လူမှုအသိုင်းအဝိုင်းနှင့် အခြားအိမ်နီးနားချင်း အသိုင်းအဝိုင်းတို့၏ ခေါင်းဆောင်များထံ တင်ပြ၊ အတည်ပြု၊ သဘောတူညီမှုရယူသည်***။ (အသေးစိတ်လမ်းညွှန်ချက်၊ ပုဒ်မ ၁၂–၁)။ အတည်ပြုပြီးနောက်တွင် စာရွက်စာတမ်းများကို နိုင်ငံတော်မှတ်တမ်းတွင် မှတ်ပုံတင်သွင်းရသည်။ မြေစာရင်းမှတ်တမ်းဌာနမှ မြေစာရင်း စာချုပ်များကို လူမှုအသိုင်းအဝိုင်းသို့ ရက် ၆၀ အတွင်း ထုတ်ပေးရမည်။ စာရွက်စာတမ်းများနှင့် စာချုပ်များကို မည့်သို့ခေါ်ဆို အမည်ပေးမည်ဆိုသည်ကို လူမှုအသိုင်းအဝိုင်းတို့မှ ဆုံးဖြတ်ပိုင်ခွင့်ရှိသည် (ပုဒ်မ ၁၃–၄)။ စာ

ချုပ်မှ မြေယာတိုင်းထွာခြင်းများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု အာမခံချက်ပေးသည့်အပြင် လူမှုအသိုင်းအဝိုင်း၏ ပိုင်နက် နယ်နိမိတ်များကို အသိအမှတ်ပြုပေးသည်။ တရားဝင် မှတ်ပုံတင်ခြင်းများပြုလုပ်ပြီးနောက်တွင် လူမှုအသိုင်းအဝိုင်း အနေဖြင့် မြေယာပိုင်ဆိုင်သူအဖြစ် မြေယာအသုံးပြုပိုင်ခွင့်နှင့် အကျိုးခံစားခွင့်တို့ကို ရရှိမည်ဖြစ်ပြီး တရားဥပဒေအရ အရင်းရှင်များနှင့် စာချုပ်ချုပ်ဆိုခြင်းနှင့် အခြား ဥပဒေပိုင်းဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်များရရှိသည်။ ဤဖြစ်စဉ်မှ အရင်းရှင်များနှင့် ဒေသခံများအတွက် မည်သည့်နေရာများရှိ အရင်းအမြစ်များကို အရင်းရှင်များမှ အသုံးပြုပိုင်ခွင့်ရှိသည်ကို သတ်မှတ်ခြင်းနှင့် မည်သည့် အသိုင်းအဝိုင်းသို့ အသိုင်းအဝိုင်းများမှ မြေယာပိုင်ဆိုင်ခွင့်ရှိသနည်းဆိုသည်ကို ရှင်းလင်းစွာ လမ်းညွှန်ပေးသည့် မြေပုံ ရရှိလာသည်။

## *(င) တန်ဇေးနီးယားနိုင်ငံ၏ မြေယာဥပဒေ နမူနာများ*[14]

### (၁) တန်ဇေးနီးယားနိုင်ငံ မြေယာအက်ဥပဒေ၏ ရည်ရွယ်ချက်များ

<u>အထွေထွေရည်ရွယ်ချက်များ</u>

- မြေယာအခွင့်အရေးအများစုအတွက် ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေးနှင့် ဒီမိုကရေစီစနစ်မြင့်တင်ရန်
- တည်ဆဲ မြေယာအခွင့်အရေးများကို ကာကွယ်ရန်နှင့် ထိုအခွင့်အရေးများကို ဥပဒေဖြင့် ရှင်းလင်စေရန်နှင့်လုံခြုံစေရန်

<u>အဓိက ရည်ရွယ်ချက်များ</u>

- ရွာသူရွာသားများအား ယင်းတို့၏ ကိုယ်ပိုင်မြေယာများ စီမံခန့်ခွဲနိုင်ရေးအတွက် စွမ်းရည်မြင့်တင်ရန်
- မျှတ၊ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းပါဝင်မှုရှိသော လုပ်ထုံးလုပ်နည်းများ ချမှတ်ကျင့်သုံးရန်

[14] Adapted from Wily, 2003.

- အစိုးရနှင့် ခရိုင်ကောင်စီများ၏ အခန်းကဏ္ဍများကို အကြံပေး နှင့် စောင့်ကြည့်သူများအဖြစ် ပြင်ဆင်ဖွဲ့စည်းရန်
- ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများကို ဥပဒေအရ အပြည့်အဝ ရပ်တည်ခွင့်ပေးရန်
- ကျေးရွာနယ်နိမိတ်များကို မိမိပိုင် မြေယာများအဖြစ်သတ်မှတ်နိုင်ရေးအတွက် အကူအညီပေးရန်
- မြေယာပိုင်ဆိုင်ခွင့်အခွင့်အရေးများကို မှတ်ပုံတင်ရန်နှင့် စာချုပ်ထုတ်ပေးရန်
- မြေယာပိုင်ဆိုင်မှုများကို ရောင်းချခွင့်ပေးရန်
- အစိုးရမှ ကျေးရွာမြေယာများ သိမ်းဆည်းခြင်းများကို ကန့်သတ်ရန်
- ဘုံပိုင်မြေယာများကို ပိုင်ဆိုင်ခွင့်ကို ဥပဒေအရ အသိအမှတ်ပြုရန်
- လူမှုအသိုင်းအဝိုင်းအဆင့် မြေယာဆိုင်ရာ အငြင်းပွားမှုများကို ရှင်းလင်းနိုင်သည့် ဒေသအဆင့်ဝန်ဆောင်မှုပေးရန်

## (၂) တန်ဇေးနီးယားနိုင်ငံ မြေယာအက်ဥပဒေ၏ အခြေခံမူများ

၁။ မြေယာဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးစနစ်များကို လွတ်လပ်စွာ တည်ဆောက်ထားခြင်း

၂။ မြေယာပိုင်ဆိုင်မှုနှင့် မြေယာဆိုင်ရာ အခွင့်အရေးများကို သေချာစွာ ခွဲခြားထားခြင်း

၃။ နိုင်ငံတော်ကိုယ်စား သမ္မတမှ မြေလွှာများကို ပိုင်ဆိုင်ပြီး ပြည်သူလူထုတွင် မြေယာပိုင်ဆိုင်ခွင့်၊ မြေယာပေါ်တွင် နေထိုင်ခွင့်နှင့် အသုံးပြုခွင့်တို့ရှိသည်။

၄။ မြေယာစီမံခန့်ခွဲသူအဖြစ်သာ သမ္မတတွင် မြေပိုင်ရှင်ကဲ့သို့ ဆောင်ရွက်နိုင်သည်။ သမ္မတအနေဖြင့် အများပြည်သူအကျိုး အတွက်သာ မြေယာများကို သိမ်းယူပိုင်ခွင့်ရှိပြီး လျော်ကြေးအပြည့်အဝပေးရမည်။

၅။ ဓလေ့ထုံးတမ်းအခွင့်အရေးများကို ကိုယ်ပိုင်ပိုင်ဆိုင်ခွင့်ဟုယူဆပြီး ထိုပိုင်ဆိုင်မှုများကို မှတ်ပုံတင်ပိုင်ခွင့်ရှိသည်။

၆။ တည်ဆဲ အခွင့်အရေးများနှင့် မှတ်ပုံတင်ထားခြင်းမရှိသေးသော အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေ

၇။ ဥပဒေ၏ ပင်မရည်ရွယ်ချက်မှာ ပြည်သူလူထုတို့၏ မြေယာမှတ်ပုံတင်ခြင်းများကို အကူအညီပေးရန်ဖြစ်သည်။

၈။ ခလေ့ထုံးတမ်းအခွင့်အရေးနှင့် ပြဌာန်းအခွင့်အရေးများသည် ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှမှုရှိသည်။

၉။ ကြင်ယာများ၊ မိသားစုများ၊ လူမျိုးစုများ၊ အဖွဲ့များ၊ ကျေးရွာများတွင် မြေယာပိုင်ဆိုင်ခွင့်ရှိပြီး မှတ်ပုံတင်ထားနိုင်သည်။

၁၀။ ဘုံပိုင်မြေယာများကို ဥပဒေသစ်များမှ လေးစားအသိအမှတ်ပြုသည်။

၁၁။ မြေယာအများစုကို မြေယာစီမံခန့်ခွဲပိုင်ခွင့်ပေးထားသည်။

၁၂။ ကျေးရွာကောင်စီသည် မြေယာစီမံခန့်ခွဲသူများဖြစ်သည်။ ပိုင်ဆိုင်သူများမဟုတ်။

၁၃။ အမျိုးသမီးများ၊ ဘာသာရေးခေါင်းဆောင်များ၊ မသန်မစွမ်းသူများ၊ မြေယာမရှိသူများနှင့် မြို့ပြဆင်းရဲသူများ၏ အခွင့်အရေးများကို အထူး လေးစားအသိအမှတ်ပြုသည်။

၁၄။ မြေယာမပြင်ဆင်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ အသုံးပြုခြင်းများကို တန်းတူညီမျှစွာ ခွင့်ပြုအားပေးထားခြင်း။

၁၅။ မြေယာပိုင်ဆိုင်မှုများကို ဈေးကွက်ဈေးနှုန်းများအတိုင်း ရောင်းချပိုင်ခွင့်ရှိသည်။

၁၆။ ခလေ့ထုံးတမ်းဥပဒေများနှင့်အညီ ကျေးရွာတို့တွင် မြေယာစီမံခန့်ခွဲခွင့်ရှိသည်။

၁၇။ ခလေ့ထုံးတမ်းဥပဒေသည် လက်ခံအသိအမှတ်ပြုထားခြင်း ခံထားရသော ဒေသအဆင့် ပင်မစံချိန်စံနှုန်းများဖြစ်ပြီး ခေတ်သစ်စံချိန်စံနှုန်းများ ဖြစ်လာနိုင်သည်။

## (၃) တန်ဇေးနီးယားနိုင်ငံ မြေယာစီမံခန့်ခွဲရေး အဆောက်အအုံများ

- ကျေးရွာမြေယာစီမံခန့်ခွဲသူ (ကျေးရွာကောင်စီ) ကို ကျေးရွာညီလာခံတွင် တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။
- ကျေးရွာမြေယာအရာရှိ (ကျေးရွာစာရင်းမှတ်တမ်း) ကို ခရိုင်အဆင့် အမည်တင်သွင်းခြင်းအပေါ်အခြေခံ၍ ရွေးကောက်တင်မြှောက်ခံထားရသော ကျေးရွာကောင်စီမှ ခန့်အပ်သည်။
- ကျေးရွာမြေယာကော်မတီကို ရွေးကောက်တင်မြှောက်ခြင်းခံထားရသော ကျေးရွာကောင်စီမှ ခန့်အပ်သည်။

- အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီကို ကျေးရွာညီလာခံမှ တိုက်ရိုက် ရွေးကောက်တင်မြှောက်သည်။
- ညှိနှိုင်းဖြေရှင်းရေးအရာရှိကို ရွေးကောက်တင်မြှောက်ခြင်းခံထားရသော ကျေးရွာကောင်စီမှ ခန့်အပ်သည်။
- ကျေးရွာမြေယာကောင်စီကို ကျေးရွာကောင်စီမှ အမည်တင်သွင်းပြီး ကျေးရွာညီလာခံမှ အတည်ပြုသည်။

## (၄) တန်ဇေးနီးယားနိုင်ငံ ကျေးရွာကောင်စီ၏ တာဝန်နှင့် ဝတ္တရားများ

- ဒေသတွင်း ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ မြေယာများကို စီမံခန့်ခွဲခြင်း
- သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း
- မြေယာများကို အသုံးပြုနိုင်သည့် အခွင့်အရေးများကို ကာကွယ်ခြင်း
- ကျေးရွာပိုင်နက်နယ်နိမိတ်များကို ထိန်းသိမ်းခြင်း
- မြေယာစီမံခန့်ခွဲရေးအရာရှိအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူသည် ကျေးရွာမြေယာပိုင်ဆိုင်မှုစာချုပ်များကို လုံခြုံစွာ ထိန်းသိမ်းခြင်း
- နယ်နိမိတ်ပြောင်းလဲခြင်းများကို စာချုပ်ထုတ်ပေးနိုင်ရန်အတွက် ကော်မရှင်ဝင်များ၏ ခွင့်ပြုချက်ရယူရန် အစီရင်ခံခြင်း
- ဓလေ့ထုံးတမ်းပိုင်ဆိုင်မှုများကို စာချုပ်ထုတ်ပေးခြင်းနှင့်
- မြေယာစာရင်းများ ထိန်းသိမ်းခြင်း။

## (၅) တန်ဇေးနီးယားနိုင်ငံ အငြင်းပွားမှုများဖြေရှင်းရေး တည်ဆောက်ပုံ

<u>အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ</u>

- ရွာသူရွာသား ၈ ဦးထက် မပိုသော လူဦးရေဖြင့် ဖွဲ့စည်းရမည်။
- အနည်းဆုံး အမျိုးသမီး ၄ ဦး ပါဝင်ရမည်။
- ကျေးရွာညီလာခံမှ ၃ နှစ် သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ရမည်။
- ဒုတိယ သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခံနိုင်သည်။

- သက်သေအထောက်အထားများကို ကြားနာစစ်ဆေးပိုင်ခွင့်ရှိသည်။
- ကြားနာစစ်ဆေးရေးများတက်ရောက်ရန်နှင့် စာချုပ်စာတမ်းများ တင်သွင်းရန် ခေါ်ယူခြင်း၊ အကြောင်းကြားခြင်းနှင့် အမိန့်ထုတ်ခြင်းများပြုလုပ်နိုင်သည်။

## အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေး အကြံပေး

- ကျေးရွာကောင်စီမှ ခန့်အပ်သည်။
- ရှိသေလေးစားခြင်းခံရပြီး လုပ်ကိုင်နိုင်စွမ်းရှိသူဖြစ်ရမည်။
- ရွာသူရွာသားဖြစ်ရန် မလိုအပ်ပေ။ (အစိုးရအရာရှိ၊ မြို့နယ်မှူး စသည်တို့ ဖြစ်နိုင်သည်။)
- အကြံပေးအရာရှိအဖြစ် အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေး ကော်မတီအပေါ်တွင် တာဝန်ရှိသည်။
- ကော်မတီ၏ အုပ်ချုပ်ရေးအရာရှိဖြစ်ပြီး မှတ်တမ်းထိန်းသိမ်းခြင်းတာဝန်ရှိသည်။
- ကော်မတီ၏ ညွှန်ကြားချက်များအတိုင်း အခွင့်အရေးများနှင့်ပတ်သက်သည့် အရေးကိစ္စများကို စုံစမ်းစစ်ဆေးရမည်။

# Glossary ဤစာတမ်းတွင် ပါရှိသည့် ဝေါဟာရအသုံးအနှုန်းများ

1. Customary — ဓလေ့တုံးတမ်း
2. Customary Law — ဓလေ့တုံးတမ်း ဥပဒေ
3. Statutory Law — ပြဋ္ဌာန်းဥပဒေ
4. Custom — ဓလေ့ထုံးစံ
5. Tradition — ရိုးရာဓလေ့
6. Culture — ယဉ်ကျေးမှု
7. Ancestor, Ancestry — ဘိုးဘွားစဉ်ဆက်
8. Constitution — ဖွဲ့စည်းပုံအခြေခံဥပဒေ
9. Structure — တည်ဆောက်ပုံ
10. Norms — စံသတ်မှတ်ချက်
11. Rules — စည်းမျဉ်းများ
12. Regulations — စည်းမျဉ်းစည်းကမ်းများ
13. Administration — စီမံအုပ်ချုပ်ရေး
14. Management — စီမံခန့်ခွဲရေး
15. Institution — အဆောက်အအုံ
16. Building — အဆောက်အဦး
17. Mechanism — ယန္တရား
18. Village Assembly — ကျေးရွာညီလာခံ
19. Village Council — ကျေးရွာကောင်စီ
20. Officer — အရာရှိ

Email: unitedecdf@gmail.com | Website: www.ecdfburma.org